မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၀၇)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ တနင်္ဂနွေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား စစ်ဆေး၊ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေးဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် **စာမျက်နှာ ၁၆ ကော်လံ ၁** ★



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၃ ရက်)

နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့်အချက်ဖြစ်သည်။ စီးပွားရေးအား ကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားရေး၊ နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးတို့အတွက် ပြည်သူအားလုံးက အမှန်တကယ်အလုပ်လုပ်ကြရန်ဖြစ်သည်။ မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်သည့်နိုင်ငံဖြစ်သည့်အတွက် အလုပ်လုပ်လျှင်လုပ်နိုင်သလောက် အကျိုးခံစားခွင့်ရရှိပေမည်။ အမှန်တကယ်အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်ရွေးပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြသည်။ ထိုအထဲက ၅၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် သစ်တောကဏ္ဍများတွင် တစ်နည်းနည်းဖြင့်လုပ်ကိုင်နေကြသည်။ နိုင်ငံတော်စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မြန်မာနိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏အသက်သွေးကြောလည်းဖြစ်သည်။ ထို့ကြောင့် အဆိုပါလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးခြင်းမှာ အထိရောက်ဆုံးဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဆင်းရဲမှုလျော့ချရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံတော်ကို လယ်ယာစိုက်ပျိုးရေးစွမ်းအားရှိသည့် Agricultural Power Country ဖြစ်ရန်တည်ဆောက်သည့်နေရာတွင် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ပိုမိုတိုးတက်ထုတ်လုပ်ရန်၊ နိုင်ငံတကာဈေးကွက်ဝင်စေဖို့ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့်သီးနှံထုတ်လုပ်မှုဖြစ်ပေါ်လာစေရန်၊ တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကို ရယူအသုံးချနိုင်ရန်ဆောင်ရွက်ထားပြီးဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်အခြေခံသွင်းအားစုများ ဈေးနှုန်းသက်သာစွာဝယ်ယူရရှိနိုင်ရန်အတွက်လည်း ပြည်ပမှမှာယူတင်သွင်းမှုများအပြင် ပြည်တွင်း၌ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန်အတွက်လည်း အားပေးဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်း Agro Based Industries များကို ပြည်တွင်းက အရင်းအနှီးရှိသူများကိုယ်တိုင် ရင်းနှီးမြှုပ်နှံပါဝင်လုပ်ဆောင်စေရန် အားပေးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ထိုသို့ဆောင်ရွက်သည့်နေရာတွင် လိုအပ်သည့်သွင်းအားစုများ၊ ဘဏ္ဍာငွေအကူအညီပေးရေးနှင့် လူသားအရင်းအမြစ်များရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၃၁ ရက်က ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅)တွင် ရှင်းလင်းပြောကြားစဉ် **"မိမိတို့အစိုးရစတင်တာဝန်ယူဆောင်ရွက်ခဲ့သည့်ကာလအတွင်းမှာ ပြည်သူလူထုတစ်ရပ်လုံး၏စားရေရိက္ခာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ပဲမျိုးစုံစိုက်ပျိုးမှု၊ အသားငါးထုတ်လုပ်မှုများကို နှစ်အလိုက်တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။ သို့သော်လည်း အဓိကသီးနှံအဖြစ် သတ်မှတ်ထားတဲ့ သီးနှံ(၁၀)မျိုးတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ရဲ့ စီးပွားရေးအခြေအနေသည် ယခင်အစိုးရလက်ထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၇၅၈၁ ဒသမ ၅၅ ဘီလီယံရှိရာမှ မိမိတို့အစိုးရကာလ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေကျပ် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံအထိ တိုးတက်ရရှိခဲ့ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်တွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို ၂၀၂၂ ခုနှစ်မှစပြီး အားပေးဆောင်ရွက်ခဲ့သည်။ ပြည်ပသွင်းကုန်အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကိုအားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့ကာ နိုင်ငံခြားငွေရှာဖွေရန် ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် ကုန်ကြမ်းရရှိရေးသည် အဓိကအရေးကြီးသည့်အတွက် ဒေသတွင်းကထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကိုဦးစားပေးဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာလည်ပတ်နေပြီဖြစ်သည်။ သို့သော် အများစုမှာ စားကုန်၊ သောက်ကုန်ပစ္စည်းများဖြစ်နေ၍ အခြားဈေးကွက်ဝင် ထုတ်ကုန်များဖြစ်သည့် စက်မှုထုတ်ကုန်နှင့် လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များကိုလည်း ပိုမိုထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။ လိုအပ်သည့်လူသားအရင်းအမြစ်များဖွံ့ဖြိုးရေးအတွက်လည်း အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ခရိုင် ၈၈ ခုတွင် ၈၉ ကျောင်းအထိဖွင့်လှစ်ပေးပြီးဖြစ်သည်။ ဤကဲ့သို့သော ဘက်ပေါင်းစုံမှပံ့ပိုးကူညီမှုများကိုအခြေခံကာ "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာပေဗိမာန်စာမူဆုများရှင်အား ဂါရဝပြုလက်ဆောင်ပေးအပ်ပွဲကျင်းပ

ပဲခူး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိမင်္ဂလာဒီပသာသနာထွန်းခေါင်းဆေးကျွန်းပရိယတ္တိစာသင်တိုက်၌ဩဂုတ်လ ၂ ရက် နံနက်ပိုင်းတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်စာပေဗိမာန်စာမူဆုများရှင်အား ဂါရဝပြုလက်ဆောင်ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဲခူးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူးအမျိုးသားစာပေဆုရ)နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်များက မင်္ဂလာဒီပသာသနာထွန်းခေါင်းဆေးကျွန်းပရိယတ္တိစာသင်တိုက်ဦးစီးပဓာနဘဒ္ဒန္တကုန္ဒာစာရ(ပဲခူးဥဿာဂုန္ဒာနွယ်) ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပဲခူးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူးအမျိုးသားစာပေဆုရ)နှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် စာပေဗိမာန်စာမူဆုများရှင်အား ဂါရဝပြုလက်ဆောင်ပေးအပ်ပွဲကျင်းပရာ ပဲခူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူးအမျိုးသားစာပေဆုရ)က စာပေဗိမာန်စာမူဆုများရှင် မောင်ယဉ်လှိုင်း(ဟျဉ်းမဖြိုင်)အား ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ပဲခူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူးအမျိုးသားစာပေဆုရ)နှင့်အဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

လွိုင်လင် ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတရေး၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်လာစေရေးရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ်လ ၁ ရက် နံနက်ပိုင်းတွင် ပင်လုံအရှေ့ကျေးရွာအုပ်စု ဆင်တောင်ကျေးရွာ ရေတားတမံရေထွက်ဧရိယာဘေးဝဲယာနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆင်တောင်ကျေးရွာ၌ စိုက်ပျိုးရမည့် ပျိုးပင်များကိုခွဲဝေပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်း၍ ဆင်တောင်ကျေးရွာရေတားတမံ ရေထွက်ဧရိယာဘေးဝဲယာနေရာများ၌ မျောက်ငိုပင်၊ ထင်းရှူးပင်၊ စိန်ပန်းပြာပင်နှင့် စိန်ပန်းနီ စသည့်အရိပ်ရပျိုးပင်များကို တပျော်တပါးစုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ကာရံ(ကျေးလက်)

MWD Education, Knowledge & Sports Channel

၃-၈-၂၀၂၅(တနင်္ဂနွေနေ့)

၁။	၀၈:၀၀	-	၁၀:၂၅	Grade - 11	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ
၂။	၁၂:၀၀	-	၁၃:၅၃	Grade - 11	သချာ၊ ဓာတုဗေဒ
၃။	၁၆:၀၀	-	၁၉:၀၇	Grade - 11	ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်
၄။	၁၉:၀၇	-	၁၉:၄၂	Grade - 11	သမိုင်း၊ ဘောဂဗေဒ

သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၈-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀	မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ	၄။ ၁၄:၅၅	Sporty Zone
၂။ ၁၀:၄၀	နိပါတ်တော်လာသိမှတ်စရာ	၅။ ၁၈:၂၀	Relaxing Moment
၃။ ၁၃:၃၀	Music Crazy	၆။ ၂၁:၄၀	အသံလွှင့်ဓာတ်လမ်း

မြဝတီ ခနဉ်စံ
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၇၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

စာကြည့်တိုက်အခြေပြုသင်ကြားသင်ယူမှု အားပေးမည့်အစီအမံများ ချမှတ်ဆောင်ရွက်ရေးမှာကြား



နေပြည်တော် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှု အားပေးမည့်အစီအမံများ ချမှတ်ဆောင်ရွက်ရေးဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန၏မျှော်မှန်းချက်နှင့်ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဦးစီးဌာနအလိုက် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို တင်ပြကြစေလိုကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်စဉ်ကာလ အတွင်း ပညာရေးလုပ်ငန်းများအောင်မြင်စေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ကိန်းဂဏန်းအချက်အလက် ဒေတာများ တိကျမှန်ကန်မှုရှိစေရန် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုံးနှင့်ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းပရိဝုဏ်သန့်ရှင်းသာယာစေရေးအတွက်အမြဲမပြတ် ပုံမှန်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စာကြည့်တိုက်များရှိ စာအုပ်စာရင်းများ စနစ်တကျထားရှိရန်နှင့် စာကြည့်တိုက် အခြေပြုသင်ကြားသင်ယူမှု အားပေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးများက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



မုံရွာ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(အလုံ) ကျောင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ထမ်းများအား စွေးနှုန်းသက်သာစွာ စားသုံးဆီများ၊ ဆန်နှင့် ဟင်းသီးဟင်းရွက်များ ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သက်ဆိုင်ရာဒေသများရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ပြည်သူ့ဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းခွင်၌ ယာဉ်ရပ်နားရန်နေရာများဆောင်ရွက်နေမှု၊ အုတ်စီရေမြောင်းများဆောင်ရွက်ပြီးစီးမှု၊ ရင်ပြင်ပတ်လမ်းများ ကတ္တရာလမ်းခင်းကျင်းနေမှု၊ အရိပ်ရအပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှုနှင့် လျှပ်စစ်မီးတိုင်များ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ်တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများစီချိန်စံညွှန်းမီအရည်အသွေးကောင်းမွန်စွာတည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သထုံမြို့နယ်၌ ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME)အခြေစိုက်စခန်းဖွင့်ပွဲအခမ်းအနားကျင်းပ

သထုံ ဩဂုတ် ၂

မွန်ပြည်နယ် သထုံမြို့နယ် လိပ်အင်းရပ်ကွက်၌ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှစီစဉ်သည့် ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME) အခြေစိုက်စခန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ကကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ကျောင်းပြင်ပ ပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသောကလေးများအတွက် တန်းညီပညာရေးဖြစ်ကြောင်း၊ ပထမအကြိမ် ပညာသင်ယူခွင့်ဆုံးရှုံးခဲ့သည့် ကလေးများအတွက် ဒုတိယအကြိမ်ကြိုးစားခွင့် ဖန်တီးပေးသည့် အခွင့်အလမ်းကောင်းဖြစ်ကြောင်း၊ All For Education အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီး ကျောင်းပြင်ပကလေးများအတွက် ဒုတိယအခွင့်အလမ်းကို ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆွေနှင့် ပြည်နယ်ကြီးကြပ်ရေးမှူး ဦးတင်ထွန်းတို့က ကျောင်းပြင်ပပညာရေးလုပ်ငန်းအခြေအနေနှင့် အခြေစိုက်စခန်းဆောင်ရွက်မှုအခြေအနေတို့ကို ပြောကြားသည်။

ယင်းနောက် သထုံခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတို့က ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်တို့ကို ပေးအပ်လှူဒါန်းပြီး အလှူရှင်တို့က ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေကျပ် ၈၆ သိန်းခန့် ပေးအပ်လှူဒါန်းရာ သထုံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လက်ခံရယူကာ ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME) မြို့နယ်တာဝန်ခံဒေါ်ခင်စန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်း



ရန်ကုန် ဩဂုတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)၏ သတ္တမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင် မြို့နယ်ရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ရုံး၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အဖွဲ့က ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများက သွေးအလှူရှင်များအား အာဟာရပြည့်အစားအစာများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

မြဝတီ

မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

လောင်းကစားပွဲများ

လူထုတိုက်၌ အလုပ်လုပ်လျက်ရှိစဉ် ကျွန်ုပ်သည် အမြဲစိတ်ကူးရသော ခေါင်းကြီးရေးခြင်းအလုပ်ကြောင့် ဦးနှောက်ရှင်းသည့်အနေဖြင့် တစ်ကြောင်း၊ လေးကောင်ဂျင်ကစားနည်းပညာကို(အမြဲကစားတတ်သော) လူတစ်ယောက်အား သင်ပြပေးလိုသည်တစ်ကြောင်းကြောင့် ရှမ်းပြည်နယ် ဘုရားပွဲ(ကစားပွဲ)များသို့ တစ်နှစ်တစ်ခေါက် သွားလေ့ရှိ၏။ လူထုတိုက်သည် သူရိယတိုက်ကဲ့သို့ အားလပ်ခွင့်ရက်ရှည်ပေးသော စည်းကမ်းသတ်မှတ်ချက်မရှိသည်နှင့် လူထုမောင်နှံတို့အား မှန်မှန်မပြောဘဲသွားလေ့ရှိ၏။ သူတို့သည် ကျွန်ုပ်၏အတိုင်းအရှည် နားလည်သော သဘောထားကို သိကြမည်မဟုတ်သဖြင့် လောင်းကစားရန် သွားမည်ဟုဖွင့်ပြောလျှင် ရှုံးကုန်ပါလိမ့်မည်ဟု ထင်ကြမည်ဖြစ်သောကြောင့် ဖွင့်၍မပြောခြင်းဖြစ်၏။

၁၉၄၇ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်များတွင် ဘော်ကြိုဘုရားပွဲသို့လည်းကောင်း၊ ၁၉၄၉ ခုနှစ်တွင် ဒေါင်းမီးပွဲသို့လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် တံတားဦးအောင်ပွဲသို့လည်းကောင်း ဝက်လက်မှအဖော်များနှင့် သွားခဲ့သည်။ ကျွန်ုပ်၏အကြံအစည်တစ်ခုမှာ ဂျပန်ခေတ်က မန်ကျည်းတုံရွာ၌ လေးကောင်ဂျင်လောင်းကစားစဉ်ကမူ ဒိုင်လုပ်သူမှာ ရွာသားချင်းဖြစ်၍ ညှာညှာတာတာထိုးရသည်။ ၎င်းဘုရားပွဲများ၌မူ တရုတ်ဒိုင်များဖြစ်သောကြောင့် အားနာဖို့မရှိ။ "တိုက်"လျှင် ပက်ပက်စက်စက် ထိုးယူနိုင်သည်ဆိုကာ စမ်းသပ်ချင်သောစိတ် ပြင်းထန်လျက်ရှိ၏။ သို့ရာတွင် ကျွန်ုပ်၏ဇာတာမှာ ငွေများများကြီးအကျိုးမပေး။ မငတ်ရုံသို့မဟုတ် ချောင်လည်ရုံမျှလောက်သာ အကျိုးပေးသည်ဖြစ်သောကြောင့် ဟုတ်တိပတ်တိနိုင်လောက်အောင်မတိုက်ဘဲ စရိတ်ကျေရုံမျှနှင့် ပြန်ခဲ့ရသည်သာများ၏။ ရှုံးသည်ဟူ၍ကား နည်းလှပါသည်။ ကျွန်ုပ်သင်ပြသောလူမှာမူ ကိုခင်မောင်ဆန်ဆန် စိတ်ထားမျိုးရှိသည်ဖြစ်၍ ကျွန်ုပ်၏စနစ်အတိုင်း အတိအကျလိုက်နိုင်အောင် စိတ်ကိုမချုပ်တည်းတတ်သဖြင့် ရှုံးသည်ကများခဲ့လေသည်။ ဤလေးပွဲအနက် ၁၉၄၉ ခုနှစ်က သွားခဲ့သည့် မြို့ကြီးဒေါင်းမီးပွဲမှာ စိတ်ဝင်စားဖွယ်အခြင်းအရာများပါရှိသဖြင့် ဖော်ပြလိုက်ရပါဦးမည်။

အကျပ်တွေ့လေပြီ

ဘော်ကြိုဘုရားပွဲနှင့် မြို့ကြီး ဒေါင်းမီးဘုရားပွဲမှာ တပေါင်းလပြည့်မတိုင်မီ တစ်ချိန်တည်းကျင်းပသည်ဖြစ်ရာ ဤတစ်နှစ်တွင် ကျွန်ုပ်နှင့်အဖော်များသည် ဘော်ကြိုသို့မသွားဘဲ မြို့ကြီး ဒေါင်းမီးပွဲသို့သွားရန် ဆုံးဖြတ်ကြ၏။ ဘုရားပွဲများသို့သွားရာတွင် လေးကောင်ဂျင် လောင်းကစားခြင်းကို အကြောင်းတစ်ရပ်အနေဖြင့် ဖော်ပြခဲ့သော်လည်း ကျွန်ုပ်အဓိကရည်ရွယ်ချက်မှာ ဒေသအဆန်းအသစ်များသို့ သွားခြင်းအားဖြင့် ဦးနှောက်ဆေးရန်ဖြစ်ပါသည်။ ကျွန်ုပ်၏စိတ်ထားမှာ နိုင်ဖို့ အရေးမကြီး၊ မရှုံးဘဲနှင့် ရောက်ခဲ့ရသည်ဆိုလျှင် စိတ်ကျေနပ်နိုင်သူဖြစ်ပါသည်။ ကျွန်ုပ်နှင့်အဖော်နှစ်ယောက်သည် မန္တလေးမှ ညနေခင်းတွင် ထွက်ကြ၍ ကျောက်ဆည်သို့ရောက်သောအခါ ကားပြောင်း၍စီးကြပြီး ညကိုးနာရီခန့်အချိန်တွင် မြို့ကြီး ဒေါင်းမီးပွဲသို့ရောက်ကြ၏။ ကျွန်ုပ်သည် ၁၉၀၉ ခုနှစ်ကလည်း ဤပွဲသို့ သူငယ်ချင်းတစ်ယောက်နှင့် ရောက်ခဲ့ဖူးရာ လမ်းခရီးတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၀ တိတိက အမှတ်အသားများကို ယခုမှတ်မိပါသေး၏လော်ဟု လမ်းခရီးတစ်လျှောက်လုံး ဟိုကြည့်သည်ကြည့် သတိပြု၍ ရှာကြည့်ရခြင်းအားဖြင့် ဦးနှောက်အတော်ရှင်းသွား၍ လာရကျိုးနပ်သည်ဟု အောက်မေ့နိုင်လေပြီ။ ပွဲသို့ရောက်သောအခါ ကျွန်ုပ်တို့သည် တည်းခိုရန် အိမ်တစ်လုံးငှားပြီးမှ ဘုရားပွဲသို့ သွားကြသည်။

"ဘော်ကြိုဘုရားပွဲနှင့် မြို့ကြီး ဒေါင်းမီးဘုရားပွဲမှာ တပေါင်းလပြည့်မတိုင်မီ တစ်ချိန်တည်းကျင်းပသည်ဖြစ်ရာ ဤတစ်နှစ်တွင် ကျွန်ုပ်နှင့်အဖော်များသည် ဘော်ကြိုသို့မသွားဘဲ မြို့ကြီး ဒေါင်းမီးပွဲသို့သွားရန်ဆုံးဖြတ်ကြ၏။ ဘုရားပွဲများသို့သွားရာတွင် လေးကောင်ဂျင်လောင်းကစားခြင်းကို အကြောင်းတစ်ရပ်အနေဖြင့် ဖော်ပြခဲ့သော်လည်း ကျွန်ုပ်အဓိကရည်ရွယ်ချက်မှာ ဒေသအဆန်းအသစ်များသို့ သွားခြင်းအားဖြင့် ဦးနှောက်ဆေးရန်ဖြစ်ပါသည် . . ."

ကျွန်ုပ်၏အဖော်နှစ်ယောက်သည် ကျွန်ုပ်၏စနစ်အရ လောင်းကစားပါက စိတ်ကို နိုင်နင်းဖို့ ခဲယဉ်းသည်ဆိုကာ သူတို့ဘာသာ လောင်းကစားကြ၍ အတော်အတန်နိုင်ကြ၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏စနစ်အရ လောင်းကစား၍ ငွေ ၁၅၀ ကျပ်ခန့်နိုင်၏။ ကျွန်ုပ်မှာ လောဘမကြီးဘဲ ခရီးစရိတ်သာသာရလျှင် တော်လောက်ပြီဟုဆိုကာ ပြန်ကြဖို့အကြံပေး၍ သူတို့ကလည်း သဘောတူကြသည်နှင့် ပြန်လာကြသည်။ လမ်းခရီးတွင် ဘုရားပွဲသို့လာကြသော လူများနှင့်ဆုံမိရာတွင် "ကျောက်ဆည်မြို့ကို ကရင်သောင်းကျန်းသူများ ဝင်စီးသလိုလိုပြောကြသဖြင့် ကျွန်ုပ်တို့လူစု အတော်တုန်လှုပ်သွား၏။ အဘယ်ကြောင့်ဆိုသော် မန္တလေးသို့ပြန်ရန်မှာ ကျောက်ဆည်မြို့ကို မဖြတ်ဘဲ မဖြစ်နိုင်သောကြောင့်ပေတည်း။ မန္တလေး–ရန်ကုန်ကားလမ်းပေါ်၌ရှိသော ဟံမြင့်မိုရ်ရွာကလေးသို့ရောက်ကြသောအခါ လမ်းကြီးပေါ်၌ ကားအသွားအလာလုံးဝမရှိဘဲဖြစ်နေရာ ကျွန်ုပ်တို့စီးလာသော လော်ရီကားသည် ဘုရားပွဲသို့ ပြန်တက်ရန်စီစဉ်လေ၏။ ခရီးသည်များလည်း ဆင်းသူများဆင်း၍ ပြန်လိုက်သူများလည်း လိုက်ကြ၏။ ကျွန်ုပ်တို့သုံးယောက်ကား ပြန်မလိုက်လိုကြချေ။ မည်သို့ပြုချေမည်နည်း။ စာရေးဆရာဖြစ်ရခြင်းသည် အကျဉ်းအကျပ်ထဲတွင် ကျွန်ုပ်အား အထောက်အပံ့ပေးခဲ့ဖူးလှပြီဖြစ်ရာ ဤတစ်ကြိမ်တွင်လည်း အဆင်ပြေအောင် ဖန်တီးပေးပြန်လေပြီ။ ကျွန်ုပ်တို့သုံးယောက် ချီတုံချတုံဖြစ်လျက်ရှိကြစဉ် ကားနောက်ပိုင်းမှ ထိုင်၍လိုက်လာသော ခရီးသည်တစ်ယောက်က ကျွန်ုပ်အား–

"ဆရာကြီးတို့ ဘယ့်နယ်လုပ်ကြမလဲ"

"အကျပ်ကျနေပြီဗျာ၊ ပွဲကိုလည်း ပြန်မလိုက်ချင်ဘူး၊ အိမ်က စိတ်ပူနေလိမ့်မယ်"

"ကျွန်တော့်အိမ်လိုက်ခဲ့ကြလေ၊ ကျွန်တော်က ဒီရွာကပါ"

ငွေလေး ကိုယ်စီရှိကြသောကြောင့် ကျွန်ုပ်တို့တွေဝေကာ စဉ်းစားနေကြ၏။

"ကျွန်တော့်ကို ဆရာကြီးက မသိပေမယ့် ကျွန်တော်က သိပါတယ်၊ လူထုသတင်းစာဖတ်တဲ့ လူတစ်ယောက်ပါ၊ ကျွန်တော်က ပွဲစားဦး------ ပါတဲ့"

(နာမည်ကိုတော့ ကျွန်ုပ်မေ့သွားပါပြီ။) ကျွန်ုပ်တို့သုံးယောက်တိုင်ပင်ကြ၍ နောက်ဆုံး၌ ဆင်းကြဖို့သဘောတူပြီး ပွဲစား၏အိမ်သို့ လိုက်သွားကြလေ၏။

ပွဲစား၏အိမ်သို့ရောက်ကြသောအခါ အိမ်မှာ ဤရွာတွင် အကြီးဆုံး၊ အကောင်းဆုံးဖြစ်သည့်အပြင် အတော်ကျယ်ဝန်းသော ဝင်းကြီးအတွင်း တစ်ထောင့်တွင် ဧည့်သည်ကုန်သည်များအတွက် သီးသန့်ဆောက်လုပ်ထားသည့် အိမ်တစ်လုံးလည်းရှိ၏။ ကျွန်ုပ်တို့သည် ထိုလူ၏အခြေအနေကိုမြင်ကြရသောအခါ သူ့အပေါ်၌ မသက်ာစိတ်ဖြစ်သယောင် ရှိခဲ့မိခြင်းအတွက် ရှက်မိကြပါသေးသည်။

စွန့်၍ထွက်လာခြင်း

ပွဲစားသည် ကျွန်ုပ်တို့အား အိမ်တစ်လုံးလုံးပေးထား၍ လွတ်လပ်ချောင်ချိစွာ နေထိုင်ကြရသည့်အပြင် နံနက်စာ၊ ညစာကို ထမင်းကောင်းဟင်းကောင်းနှင့် ကျွေးမွေးရုံမက ကော်ဖီများပင် တစ်နေ့ သုံးကြိမ်တိုက်ပါပေသည်။ အားလပ်ချိန်တွင် ပွဲစားသည် ကျွန်ုပ်တို့ထံလာ၍ စကားပြောရာ (လူထုသတင်းစာဖတ်သောကျေးဇူးကြောင့်ထင့်) နိုင်ငံခြားရေးရာအကြောင်းကို မန္တလေးမြို့ပေါ်၌နေကြသည့် ကျွန်ုပ်၏အဖော်နှစ်ယောက်ထက် နားလည်ဟန်ရှိသည်နှင့် ကျွန်ုပ်၏လူနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပါးစပ်ဟောင်းလောင်းနေကြရလေသည်။ ဤအတောအတွင်း ကျွန်ုပ်တို့သည် ရှစ်မိုင်ခန့်ဝေးသော ကျောက်ဆည်မြို့သတင်းကို ထောက်လှမ်းစုံစမ်းကြရာ ကရင်ဝင်သလိုလို၊ မဝင်သေးသလိုလို၊ ဝင်တော့မလို အမျိုးမျိုးသတင်းကြားရ၏။ လမ်းပန်းအဆက်အသွယ်မူကား လုံးဝပြတ်တောက်လျက်ပင်ရှိသေး၏။ တတိယနေ့၌ ကျွန်ုပ်က "ကျောက်ဆည်သို့ရောက်အောင်သွား၍ စုံစမ်းကြစို့"ဟု ပြောရာ သူတို့နှစ်ယောက်က ခရီးဝေးလွန်း၍ လမ်းလျှောက်ဖို့ ညောင်းလိမ့်မည်ဆိုကာ ငြင်းကြ၏။ ဤတွင် ကျွန်ုပ်က "မောင်ရင်တို့က အသက် ၄၀ သမားတွေပါ၊ ၆၀ နီးနေတဲ့ အဘိုးကြီးတစ်ယောက်လုံးက လျှောက်နိုင်လို့မှ မလိုက်နိုင်ကြဘူးလား"ဟု ကြိုးဝါးငေါက်ငမ်းလိုက်သည်တွင် လိုက်ပါတော့မည်ဟု ပြင်ဆင်ကြလေ၏။ ကျွန်ုပ်တို့သည် နိုင်ခဲ့သောငွေလေးများကို ပေါင်တွင်ကိုယ်စီပတ်လျက် ဟံမြင့်မိုရ်ရွာမှ ခြေကျင်လျှောက်လာခဲ့ကြရာ လမ်းတွင် တုတ်များချိုး၍ တစ်ချောင်းစီကိုင်လာကြ၏။ နှစ်မိုင်ခန့်လမ်းလျှောက်ကြသော်လည်း လူသွားလူလာတစ်ယောက်မျှမတွေ့။ ဂျပန်ခေတ်ပျက်ကြီးတုန်းကလိုပင် ချောက်ချားလျက်ရှိ၏။

ဆက်လက်ဖော်ပြပါမည်။

ချောင်းသာမြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းလေးမျိုး သင်တန်းဆင်းပွဲကျင်းပ

ချောင်းသာ သြဂုတ် ၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ဇူလိုင်လ ၇ ရက်မှ သြဂုတ်လ ၁ ရက်အထိ ဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းလေးမျိုး သင်တန်းဆင်းပွဲအခမ်းအနားကို သြဂုတ်လ ၁ ရက်က ချောင်းသာမြို့ Azura Beach Resort Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားဥာန်ကြားမှူဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်သူဦးက အဖွင့်အမှာစကားပြောကြားကာ Front Office သင်တန်းနှင့် Housekeeping သင်တန်းများအတွက် အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် ချောင်းသာမြို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟအောင်က Food & Beverage(Service) သင်တန်းနှင့် Food & Beverage (Production) သင်တန်းများအတွက် အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းလေးမျိုးကို ချောင်းသာဟိုတယ်ဇုန်၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်းရှိ ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြင့်မားရေးနှင့် ဟိုတယ်များမှ ပြီးပြည့်စုံသော ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး Front Office သင်တန်းတွင် သင်တန်းသား ၃၉ ဦး၊ Housekeeping သင်တန်းတွင် သင်တန်းသား ၄၀ ဦး၊ Food & Beverage (Service) သင်တန်းတွင် သင်တန်းသား ၃၀ ဦးနှင့် Food & Beverage (Production) သင်တန်းတွင် သင်တန်းသား ၃၂ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။



ချမ်းမြေ့





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားခရီးစဉ်တွင် တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ရထားလမ်းပိုင်းတစ်လျှောက် ခရီးသွားပြည်သူများနှင့်အတူ လိုက်ပါစီးနင်းစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ရှိ ကေတုမတီမြို့ဟောင်းမြို့ရိုး တူးဖော်ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

❖ မင်းကြီးညို (အေဒီ ၁၄၈၅ - ၁၅၃၁) တည်ထောင်ခဲ့သည့် တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းမြို့ရိုးနှင့် ကျုံးတူးဖော်သုတေသနပြုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်. . .

❖ ရထားလမ်းနှင့်ဘူတာရုံအသစ်တည်ဆောက်ရာတွင် အစကောင်းမှအနှောင်းသေချာဟူသည့်အတိုင်း ရေရှည်တည်တံ့ကောင်းမွန်စေရေး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းစဉ်အဆင့်အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လို. . .

ↄ ကျောပုံးမှအဆက်

တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း၊ အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက်မြို့ရိုးနေရာရှိမြို့ရိုး တူးဖော်ထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာနှင့်မြို့ရိုးအပြင်ပတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မင်းကြီးညို (အေဒီ ၁၄၈၅ - ၁၅၃၁) တည်ထောင်ခဲ့သည့် တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းမြို့ရိုးနှင့် ကျုံးတူးဖော်သုတေသနပြုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ဟောင်းအဝင် တံတားနေရာများနှင့် တံတားပုံစံများကိုလည်း ပြန်လည်ဆန်းစစ်ဖော်ထုတ်လေ့လာသွားရန်လိုပြီး တည်ဆောက်၍ရနိုင်သည့် နေရာများတွင် တည်ဆောက်သွားရန်လိုကြောင်း၊ ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အဦများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တောင်ငူမြို့ရှောင်ရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူဘူတာသို့ ရောက်ရှိကြရာ ဘူတာရုံရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရထားလမ်းအူကြောင်းနှင့် ရထားလမ်းဆိုင်ရာအချက်အလက်များ၊ တောင်ငူဘူတာရုံအသစ်တည်ဆောက်ရန် လျာထားဆောင်ရွက်ထားရှိမှု၊ ရထားလမ်းနှင့် ဘူတာအဝင်ကားလမ်းနယ်နိမိတ်သတ်မှတ်မှု၊ ဖို့မြေလုပ်ငန်းဆောင်ရွက်သွားမည့်အစီအမံများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရထားလမ်းနှင့်ဘူတာရုံအသစ်တည်ဆောက်ရာတွင် အစကောင်းမှအနှောင်းသေချာဟူသည့်အတိုင်း ရေရှည်တည်တံ့ကောင်းမွန်စေရေး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းစဉ်အဆင့်အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုမှာကြားသည်။

နေပြည်တော်-ရန်ကုန် အမှတ်(၈) အစုန် DEMU လူစီးအမြန်ရထား ခရီးစဉ်အတိုင်း ခရီးသွားပြည်သူများနှင့်အတူလိုက်ပါစီးနင်း

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာကြသည့်အဖွဲ့ဝင်များသည် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများနှင့်အတူ တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါစီးနင်းသည်။

ထိုသို့လိုက်ပါစီးနင်းစဉ် ရထားလမ်းပိုင်းကြံခိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရထားတွဲဆိုင်းများအတွင်း ခရီးသွားများ

စာမျက်နှာ ၆ သို့ ↄ

ဘာမျက်နှာ ၅ မှအဆက်

လိုက်ပါစီးနင်းလျက်ရှိမှုအခြေအနေများ၊ ရထားဖြင့်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ ရထားစီးနင်းရာတွင် စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေး မြန်မာ့မီးရထားမှ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးထားမှုအခြေအနေများနှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည့်အခြေအနေများ၊ ရထားလမ်းဘေးဝဲ/ယာရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြို့ပြနှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရထားလမ်းများကြုံခိုင်မှုရှိစေရေးနှင့်စနစ်တကျဖြစ်စေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားလမ်းဘေး ဝဲ/ယာတစ်လျှောက် သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားလမ်းဘေးရှိ လယ်ယာမြေများကို စနစ်ကျနသည့်လယ်ယာမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံများ စနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာမှုများရှိစေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားလမ်းနယ်များအတွင်း စိမ်းလန်းစိုပြည်သာယာပြီး ပျက်စီးပျောက်ကွယ်နေသည့် သစ်တောဝယ်များကို ပို၍ပို၍ပြုစုစောင့်ရှောက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရထားခရီးစဉ်တွင် အတူလိုက်ပါစီးနင်း လိုက်ပါလာသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရထားခရီးစဉ်တွင် အတူလိုက်ပါစီးနင်း လိုက်ပါလာသည့် ခရီးသွားပြည်သူများအား ဆွဲဆောင်မှုရှိစေရေး၊ Public Transportation ဖြစ်သည့် ရထားပို့ဆောင်ရေးအပေါ် ပြည်သူများအားထားအားကိုးမှန်ကန်စေရေးတို့အတွက် ရထားလမ်းဘေးရှိ ဝဲ/ယာဘက်ခြမ်းတွင် ရှိသော ရေတိမ်ရေနက်ဒေသများ၊ ရေဝပ်ရေတိမ်ဒေသများ၊ ရေနက်ဒေသများ၊ ရေစီးရေလာကောင်းသည့်နေရာများ၊ ရေစီးရေလာမကောင်းသည့်နေရာများ၊ ရေစီးရေလာကောင်းမွန်စေရန် ရေစီးကြောင်းများ ပြောင်းလဲပေးထားရန်လိုအပ်သည့်နေရာများ၊ ရေစီးရေလာကောင်းမွန်စေရန် ရေစီးကြောင်းများ ပြောင်းလဲပေးထားပြီးသ

မြေကြီးက ရှေသီးပြီ

(တျာချင်း)

❖ မိုးတခြိမ့်ခြိမ့်၊ ဂျိုးဂျိမ့်မြည်ကာ၊
သဲသဲမဲမဲ၊ ရွဲရွဲစိုအောင်ရွာ၊
မိုးလအခါ၊ ကြည်သာမြင်ကွင်း။
တေးသံလွင်လွင်၊ ပျော်လို့ရွှင်
လုပ်ခွင်လယ်ယာ ဆင်းသည်တည့်လေး။

❖ စိုက်ရင်းပျိုးရင်း၊ တေးချင်းသံလွင်လွင်၊
သီးနှံစိုက်ပျိုး၊ အားကြိုးမာန်တက်ပင်၊
မြူးမြူးရွှင်ရွှင်၊ လျင်လျင်သွက်သွက်။
ကောက်ပဲသီးနှံ၊ သီးလုံးသန်
အလျှံပယ်အောင် ထွက်သည်တည့်လေး။

❖ ဘိုးစဉ်ဘောင်ဆက်၊ ဆင်းသက်လာသူတွေ၊
တောင်သူမျိုးရိုး၊ မိရိုးဖလာအမွေ၊
လယ်မြေယာမြေ၊ ဖြာဝေဖွံ့ဖြိုး၊
အထွက်တိုးရာ၊ နည်းပညာ
လေ့လာရှာဖွေ ကိုးသည်တည့်လေး။

❖ အသိဉာဏ်နိုး၊ ပွားတိုးစေခဲ့ပြီ၊
သိပ္ပံနည်းကျ၊ စိုက်ကြပျိုးကြသည်၊
တက်ညီလက်ညီ၊ ဘက်ညီလုပ်အား။
ပေါင်းမြက်ကိုသင်၊ မြေပေါင်တင်
နေ့စဉ်ရက်ဆက် နားနိုင်ဘူးလေး။

❖ တောင်သူလယ်သမား၊ လုပ်သားဦးကြီးတွေ၊
လယ်ယာမြေထက်၊ ချွေးစက်စိုရွှဲနေ၊
ပြည်ပဝင်ငွေ၊ ရှာဖွေလို့ကြိုး။
နိုင်ငံ့ဘဏ္ဍာ၊ ဖြည့်ဆည်းကာ
လယ်ယာထုတ်ကုန် တိုးသည်တည့်လေး။

❖ ဘိုးဘွားတို့ထားရစ်စေ၊ မြေကြီးအမွေ နှင်းခဲ့သည်။
တိုးပွားဖို့အားသစ်ဝေ၊ ရွှေသီးတွေ ဝင်းမှည့်ပြီ။ ။

ရေနံ့သာမောင်ကျော်ညွန့်

ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

တောင်ငူ ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းပင်လုံခန်းမ၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဗီဒီယိုမှတ်တမ်းအသိပညာပေးပြသခြင်းကို ဩဂုတ်လ ၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား တောင်ငူခရိုင်ဥပဒေရုံးမှ ခရိုင်ဒုတိယဥပဒေအရာရှိ ဦးဆန်းထွန်းဦးက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးပြီး မြို့နယ်ဥပဒေအရာရှိ ဦးဟိန်းမျိုးလွင်က တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့မှပေးပို့သည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းနှစ်ခုကို ရှင်းလင်းပြသသည်။

ထို့ပြင် တောင်ငူခရိုင်နှင့် မြို့နယ်ဥပဒေရုံးမှ ဝန်ထမ်းများက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းနှစ်ခုကို လူမှုဆက်သွယ်ရေးကွန်ရက်ဖြစ်သည့် Viber၊ Telegram တို့ရှိ Group များသို့ မျှဝေခြင်းများဆောင်ရွက်ကြောင်းသိရသည်။ (၄၁၀)

လက်ဆွဲကောက်စိုက်စက်ဖြင့် ကောက်စိုက်ခြင်း သရုပ်ပြဆောင်ရွက်

လဲချား ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်ပန်ကျေးရွာ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် ကောက်စိုက်ခြင်းသရုပ်ပြသပွဲကို ဩဂုတ်လ ၂ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာသည့် တောင်သူများအား တာဝန်ရှိသူများက ဓာတ်မြေဩဇာများပေးအပ်သည်။

ထို့နောက် လဲချားမြို့နယ် မြို့မကျေးရွာအုပ်စု နောင်ပန်ကျေးရွာမှ တောင်သူ ဦးနန္ဒာထွန်းအောင်၏ လယ်မြေသုံးဧကအတွင်း ပျိုးထောင်ထားရှိသည့် ရွှေရင်အေးစပါးမျိုးအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြသကြကြောင်း သိရသည်။ (၄၁၄)

ငါးရစ်ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၄၃၊ ၀၆၇-၃၄၀၄၉၄၅၅၊ ၀၆၇-၃၄၀၄၉၅၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၃၆၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၆၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၈၄၇၇၊ ၀၉-၃၄၉၀၁၄၄၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၀၆၁၊ ၀၅၈-၂၀၂၄၀၆၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

မြတ်လေးပန်းနှင့် ကျန်းမာရေး



နွေတစ်ပိုင်း၊ မိုးတစ်ပိုင်း ရောနှော နေသော ဝါဆိုလတွင် မြတ်လေးပန်းနှင့် ပုန်းညက်ပန်းတို့ပွင့်ကြပြီး ရှုးမြန်မာတို့က အလွန်မွှေးလှသော မြတ်လေးပန်းကို ဝါဆိုလ၏ရာသီပန်းအဖြစ် သတ်မှတ်ထားကြသည်။ ပန်းအဘိဓာန်တွင် မြတ်လေးပန်းအား ဇွဲသတ္တိရှိခြင်းအစွမ်းနှင့် ယှဉ်တွဲထားသည်ကိုတွေ့ရသည်။ မူလပေါက်ရောက်ရာအရပ်မှာ ဟိမဝန္တာတောင်၏ အနောက်မြောက်ဘက်ဒေသဖြစ်သည်။ မြတ်လေးပင်သည် ချုံနှင့်နွယ်မျိုးဝင်ဖြစ်ပြီး မျိုးစိတ်ပေါင်း ၁၀၁ မျိုးခန့်ရှိသည်။

မြတ်လေးပန်းသည် Oleaceae မျိုးရင်းဖြစ်ပြီး အင်္ဂလိပ်အမည်အားဖြင့် Spanish Jasmine၊ Catalonian Jasmine၊ California Jasmine၊ Royal Jasmine စသည်ဖြင့် အမျိုးမျိုးမှည့်ခေါ်ကြသည်။ အဖြူရောင်၊ အဝါရောင်၊ အနီစပ်နှင့် အနီရောင်ဟူ၍ အရောင်လေးမျိုးတွေ့ရတတ်ပြီး ရက္ခဗေဒအမည်များအရ –

– အဖြူရောင်မြတ်လေးပန်းကို Jasminum Grandiflorum Linn ဟုလည်းကောင်း၊

– အဝါရောင်မြတ်လေးပန်းကို Jasminum Angustifolium ဟုလည်းကောင်း၊

– အနီစပ်မြတ်လေးပန်းကို Ipomoea Quamoedit ဟုလည်းကောင်း၊

– အနီရောင်မြတ်လေးပန်းကို Quamoclit Vulgaris ဟုလည်းကောင်း သတ်မှတ်ထားကြောင်း လေ့လာမှတ်သားရသည်။

မုလေး (ခေါ်) မြတ်လေး

မြန်မာနိုင်ငံ၏ တချို့အရပ်ဒေသ၌ မုလေးပင်ဟုခေါ်ကြသည်။ မုလေးပန်းဟု ရေးသားခေါ်ဝေါ်ကြသည်မှာ အဘိဓာန်ကျမ်းတွင် သုမနာ–မုလေး။ ဇာတိသုမနာ–မုလေး။ မာလတီ–မုလေး။ ဇာတိ–မုလေး။ ဝိဿကီ–မုလေးဟူ၍ ပရိယာယ်ငါးပုဒ် ပြဆိုထားကြောင်းနှင့် မြန်မာဘာသာတွင် မာလတီဟူသောအပုဒ်တွင် တီသဒ္ဒါကြေ၍ မာလသဒ္ဒါပျက် မုလေးဟု ရေးသားခေါ်ဝေါ်ကြသည်ဟု အယူရှိကြောင်း သိရသည်။

တော်ဝင်ပန်း

မြတ်လေးပန်းသည် တော်ဝင်ပန်းဖြစ်သည့်အလျောက် ကုန်းဘောင်ခေတ် တစ်လျှောက်လုံးတွင် မြတ်လေးပန်းအဆီကို နန်းတွင်းသုံးခေါင်းလိမ်းဆီအဖြစ် မြတ်မြတ်နိုးနိုးအသုံးပြုကြသည်။ မြတ်လေးပန်း၏ထူးခြားချက်မှာ အပွင့်ကို ခူးဆွတ်မည့်သူမရှိပါက ဘယ်သောအခါမျှ သူ့အလိုအလျောက် မြေမခဘဲ နွမ်းခြောက်သွားသည့်အချိန်ထိ ပင်ယံထက်တွင်တည်သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများအား ဣန္ဒြေသိက္ခာထိန်းသိမ်းကြရာတွင် မြတ်လေးပန်းလိုကျင့်ဟု ပမာနှိုင်း၍ ဆိုကြသည်။

ဝိမာနဝတ္ထုအဋ္ဌကထာတွင်လည်း ပန်းတွင် မုလေးပန်းမြတ်ကြောင်းဆိုထားသည်။ ရွှေထီးရွှေနန်းမင်းအဆက်ဆက် ထွက်စံတော်မူရာ ရာဇမတ်တန်း မင်းလမ်းများတွင် တံခွန်၊ ကုက္ကား၊ မုလေးပွား စိုက်သည်မှာလည်း အခါခပ်သိမ်း မုလေးပန်းဆိုင်းမရသောကြောင့် မုလေးပန်းတု အထည်စက္ကူများကို ပြုလုပ်ကြရသောကြောင့် မုလေးပွားဟုခေါ်ဆိုကြောင်း လေ့လာမှတ်သားရသည်။

အပင်၏ပုံသဏ္ဌာန်

မြတ်လေးပင်ကို မြန်မာနိုင်ငံအနှံ့ အပြားဌ အလှစိုက်ပျိုးလေ့ရှိကြသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မြတ်လေးပင်မှာ အဖြူရောင်၊ အဝါရောင်၊ အနီစပ်နှင့် အနီရောင်ဟူ၍ အရောင်လေးမျိုးရှိပြီး အဖြူ၊ အနီစပ်နှင့် အနီရောင်တို့မှာ ပုံသဏ္ဌာန်ထင်ရှားသည်။

– အဝါရောင်မြတ်လေးပင်သည် နွယ်မျိုးဖြစ်၍ လုံးပတ်မှာ ၄ လက်မမှ ၅ လက်မခန့်ရှိသည်။ အကိုင်းအခက်များ ကောက်ကောက်ကွေးကွေးရှိသည်။ အရွက်သည် ၄ လက်မမှ ၆ လက်မအထိ ရှည်သည်။ ရွက်ရိုးတံ နှစ်ဖက်စုံထွက်လျက် ရှိပြီး လေးစုံမှ ခြောက်စုံအထိထွက်သည်။ အဖျားချွန်းသည်။ အပွင့်မှာ အလွန်မွှေးသည်။ အဝါရောင်အပွင့်များပွင့်၍ ကဆုန်လတွင် အသီးသီးကြသည်။

–အဖြူရောင်မြတ်လေးပင်သည် နူးညံ့သောနွယ်ပင်မျိုးဖြစ်ကာ လိမ်ကောက်နေပြီး ၁၃ ပေမှ ၁၅ ပေအထိ နွယ်တက်သည်။ ရွက်လွှဲထွက်၍ သေးသွယ်သော အရွက်များထွက်သည်။ အပွင့်သည် အဖြူရောင်ရှိ၍ အနည်းငယ်ပျော့ပျောင်းသည်။ မြတ်လေးအနီပွင့်နှင့် သဏ္ဌာန်တူသော်လည်း မြတ်လေးအဖြူက သေးငယ်သည်။ လုံးဝန်းသောအသီး သီးသည်။

– အနီစပ်ရောင် မြတ်လေးပင်သည် ချုံပင်ဖြစ်သည်။ အရွက်မှာ ထိပ်ဖျားချွန်း၍ ၂ လက်မအထိရှည်သည်။ အရွက်အစွန်းသုံးခုရှိသည်။ အရွက်ခပ်ကျဲကျဲထွက်သည်။ အပွင့်မှာ မြတ်လေးအဖြူကဲ့သို့ပွင့်သည်။ အစိမ်းရင့်ရောင်အရွက်မှာ အနည်းငယ်ထူ၍ မျက်နှာပြင်ပြောင်ချောသည်။ အနီရောင်မြတ်လေးပင်သည်လည်း အလားတူအပင်မျိုးဖြစ်သည်။

ဆေးဖက်ဝင် အာနိသင်

အပွင့်နှင့်အရွက်တို့ကို ဆေးဝါးအလို့ငှာ အသုံးပြုနိုင်သည်။

– မြန်မာ့ဆေးကျမ်းတွင် မြတ်လေးပင်သည် ဖန်၊ ခါး၏။ စပ်၏။ ပူ၏။ ကြေကျက်လွယ်၏။ အန်စေတတ်၏။ ဒေါသသုံးပါးကို ငြိမ်းစေတတ်၏ ဟု ညွှန်းဆိုထားသည်။

– မုလေးပွင့်၊ မုလေးမုံ၊ မုလေးရွက်တို့၏အကျိုးကို သီရိရာဇေန္ဒြေသေန ရသေ့စီရင်သည့် ဒြဗျဂုဏ်ဆေးကျမ်းတွင် မုလေးပန်းသည် သလိပ်နာ၊ သည်းခြေနာ၊ သွေးနာ၊ ပေါက်သောအနာ၊ ပိုးနာ၊ နူနာကို ပယ်နိုင်၏။ ထိုမုလေးပန်း၏အမုံအကင်းသည် မျက်စိနာနှင့်သင့်၏။ ထိုမုလေးရွက်သည် သလိပ်၊ သည်းခြေကိုနိုင်၏ဟု ဆိုထားသည်။

– ဝေဿာမိတ်တရသေ့စီရင်သည့် သရရတုကထနဆေးကျမ်းတွင် မုလေးကျီးပေါင်းကို ရေဝတီနက္ခတ်အကြိုက်တွင် ယူဆောင်လျှင် လူအပေါင်းတို့စကားကို နာယူရသည်ဟု ဆိုထားသည်။

– Herbal (ခေါ်) ဆေးဖက်ဝင်အပင်များဆေးကျမ်းတွင် မြတ်လေးပန်းနှင့် ပတ်သက်၍ ဆေးစွမ်းထက်မြက်ပုံတို့ကို စိုးရိမ်စိတ်ကဲခြင်း၊ စိတ်ငြိမ်စေခြင်း၊ အရိုးကင်ဆာ၊ ရင်သားကင်ဆာ၊ မျက်စိကျိန်း၊ စိတ်ဓာတ်ကျခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ အသားအရေခြောက်ခြင်း၊ အားကုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်ဖိအားများခြင်းတို့အတွက် အသုံးပြုနိုင်၏ဟု ဖော်ပြထားသည်။

– အိန္ဒိယဆေးကျမ်းများတွင် မြတ်လေးပန်းသည် စူးရှခါးသီးပြီး စူးရှသော အရသာရှိ၏။ ခံတွင်းရောဂါ၊ ခေါင်းကိုက်ခြင်း၊ ပန်းနာ၊ ရင်ကျပ်၊ သွားပိုးစားခြင်း၊ ပါးစပ်ရောင်ခြင်း၊ မျက်စိရောဂါများအတွက် အလွန်အသုံးဝင်၏။ သွားကိုက်ခြင်း၊ ယားယံခြင်းနှင့် နားကိုက်ခြင်းတို့အတွက်လည်း အလွန်ကောင်းမွန်၏။ သွေးရောဂါ၊ နူနာ၊ အနာအမျိုးမျိုးတို့အတွက် အပင်၏အမြစ်သည် ဆေးစွမ်းထက်၏။ အရက်နာကျခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးထွက်လွန်ခြင်း၊ လေငန်း၊ ဒူလာရောဂါတို့အတွက် ကောင်း၏။ အနီရောင်ပန်းပွင့်ကို ဆိုးဆေးအလို့ငှာ သုံးနိုင်၏။ မြတ်လေးပန်းအဆီသည် ခါး၏။ သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်၏။ ရောင်ရမ်းမှုကိုသက်သာစေခြင်း၊ အရေပြားကို ပျော့ပျောင်းစေခြင်း၊ ဦးနှောက်ကို အားပြုစေခြင်း၊ အရိုးအဆစ်ကျန်းမာစေခြင်းအတွက် အသုံးတည့်၏။ ထို့ပြင် နားကိုက်လျှင် မြတ်လေးဆီဖြင့် နားကျပ်နိုင်၏။ အမြစ်ကို အခြောက်ခံ၊ အမှုန့်ပြုလုပ်၍ ရေဖြင့်သောက်လျှင် အူတွင်းရှိ တုတ်ကောင်၊ သန်ကောင်များကို သေစေ၏ဟု အကျယ်တဝင့်ရေးသားထားသည်။

– မြတ်လေးပန်းသည် အနံ့ရှုရုံမျှဖြင့် အမူးအမော်ကိုပြေစေသော အာနိသင်ရှိသည်။ ချွေးထွက်လွန်ခြင်း၊ မူးဝေခြင်း၊ မောပန်းခြင်းများအတွက် မြတ်လေးပန်းပွင့်ကိုရှူပေးခြင်းဖြင့် သက်သာစေသည်။

– မြတ်လေးပွင့်သုံးပွင့်ကို နှမ်းဆီဖြင့် ကြိတ်၍ ရှူပေးလျှင် ခေါင်းကိုက်ရောဂါ ပျောက်ကင်းစေနိုင်သည်။

– အရွက်ကိုပြုတ်၍ ငုံဆေးအဖြစ် ငုံပေးပါက သွားကိုက်၊ သွားနာပျောက်ကင်းစေသည်။

– အဝါရောင်ပွင့်သော မြတ်လေးပင်၏ အရွက်ကို ကျိုချက်၍သောက်လျှင် ချောင်းဆိုးရောဂါ ပျောက်ကင်းစေသည်။ ယင်းအပင်၏အရွက်ကို အပူပေး၍ ရလာသော ပေါင်းခံရည်ကို ယားနာ၊ ပွေနာများတွင် လိမ်းပေးလျှင် သက်သာစေသည်။ ယင်းအပင်တစ်ပင်လုံး (ပဉ္စင်းပါး – အမြစ်၊ ပင်စည်၊ အကိုင်း၊ အရွက်၊ အဖူးအပွင့်) ကို ဆီနှင့်ချက်၍ ရလာသောအဆီဖြင့် လိမ်းကျံနှိပ်နယ်ပေးလျှင် အဆစ်ရောင်ရောဂါများ ပျောက်ကင်းစေသည်။

– မြတ်လေးပန်းခြောက်ကို နှမ်းဆီတွင် စိမ်ထားပြီး နားကျပ်ပေးပါက နားပြည်ယို ရောဂါ ပျောက်ကင်းစေသည်။

– နှလုံးရောဂါ၊ အမောရောဂါများအတွက် ဖော်စပ်သောဆေးဝါးများတွင် မြတ်လေးပွင့်ကို ထည့်သွင်းဖော်စပ်ကြသကဲ့သို့ သွေးဆေးအေးများဖော်စပ်ရာတွင်လည်း ထည့်သွင်းဖော်စပ်လေ့ရှိသည်။

– အိပ်မပျော်သူများအနေဖြင့် နှစ်ခြိုက်စွာအိပ်ပျော်စေရန် မြတ်လေးပန်းခြောက်မှုန့်ကို ပျားရည်တွင်စိမ်၍ ညအိပ်ရာဝင်ခါနီးတွင် လက်ဖက်ရည်ဖွန်းတစ်ဖွန်းသောက်သုံးပါ။

– အဖြူရောင်ပွင့်သော မြတ်လေးပင်ပဉ္စင်းပါး အလေးချိန်ငါးကျပ်သားနှင့် ရေသန့် ၅၀ ကျပ်သားတို့ကို ထက်ဝက်ခန်းအောင်ကျိုချက်၍ သောက်ပေးခြင်းဖြင့် မီးယပ်ချုပ်ခြင်းကို ပျောက်ကင်းစေသည်။ မြတ်လေးဖြူပင်အရွက်ကို ကျက်ကျက်ကျိုး၍ အမျိုးသား၊ အမျိုးသမီးရောဂါများအတွက် ဖန်ဆေးရည်အဖြစ်အသုံးပြုနိုင်သည်။ ယင်းအရွက် ၁၀ ကျပ်သားနှင့် နှမ်းဆီ ၁၀ ကျပ်သားတို့ကိုစိမ်၍ ရလာသောဆေးအဆီကို ပန်းသေ၊ ပန်းညှိုးရောဂါအတွက် လိမ်းပေးနိုင်သည်။ ရက်အနည်းငယ်ကြာသည်အထိ ဤနည်းအတိုင်းပြုလုပ်ပေးနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ခါတော်မီ မြတ်လေးပန်းတို့ လှိုင်လှိုင်ပွင့်ကြရာ ဝါဆိုလရာသီတွင် မွန်မွန်မြတ်မြတ်ဘုရားလည်းလှူကာ ဆံကေသာထက်တွင် ပန်ဆင်ကြရင်း ဆေးဝါးအလို့ငှာ အလိုရှိသလို သုံးစွဲနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

ဝါးခယ်မမြို့နယ်၌ တောင်သူများအား စိုက်ပျိုးရေးနည်းစနစ်များ အသိပညာပေးခြင်းဆောင်ရွက်

ဝါးခယ်မ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာအုပ်စု စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ ဩဂုတ်လ ၂ ရက်တွင် တောင်သူများအား စိုက်ပျိုးရေးနည်းစနစ်များ အသိပညာပေးခြင်းနှင့် MPE ဓာတ်မြေဩဇာများ ပံ့ပိုးပေးအပ်ခြင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဝါးခယ်မမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များက ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ သီးနှံမျိုးစုံပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရာသီအလိုက် စိုက်ပျိုးသီးနှံများအတွက် ဓာတ်မြေဩဇာလိုအပ်ချက်များ ရည်ညွှန်းဈေးနှုန်းဖြင့်ရရှိရေး၊ တောင်သူတိုင်း Drum Seeder ဖြန့်ဖြူး/ရရှိနိုင်ရေး၊ ဆောင်းဆီထွက်သီးနှံ (နေကြာ၊ ပဲပုပ်) စိုက်ပျိုးနိုင်ရန် မြေနေရာစုဖွဲ့ထားရှိရေးနှင့် တာဝန်ခွဲဝေပေးခြင်း၊ စိုက်နည်းစနစ်များ အသိပညာပေးခြင်း စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကြာဖြူကျေးရွာမှ တောင်သူဦးဝင်းဗိုလ်က ဆီထွက်သီးနှံ(ပဲပုပ်)စိုက်ပျိုးနိုင်ရေး အသိပညာပေးဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ယင်းနောက် တာဝန်ရှိသူများက မိုးစပါး ဧက ၁၀၀ တင်း ၁၀၀ စံပြကွက်အထွက်နှုန်းကောင်းမျိုး ပြောင်းလဲစိုက်ပျိုးသော တောင်သူများအတွက် MPE ဓာတ်မြေဩဇာများကို လက်ဝယ်အရောက် ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ၂၁ ဌာနသို့ ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

ညောင်ရွှေ ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်ရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်ကြီး၌ ဩဂုတ်လ ၁ ရက်နံနက်ပိုင်းတွင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ အင်းလေးကန်ဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာသည့် ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကိုဖွင့်လှစ်ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးနေဝင်းအောင်က ယခုနှစ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ အင်းလေးကန်ဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံနိုင်ရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားတင်ပြသည်။

ထို့နောက်အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ ဩဝါဒါစရိယ မိုင်းသောက်ပထမစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသနှင့် ကြွရောက်တော်မူလာကြကုန်သော ဆရာတော်သံဃာတော်အရှင်သူမြတ်များက ဩဝါဒကထာများ အသီးသီးမြွက်ကြားတော်မူကြသည်။

ဆက်လက်၍ပြည်နယ်လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးနေဝင်းအောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြလျှောက်ထားကြပြီး အစည်းအဝေးတက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (၄၀၅)

သပြေတောကျေးရွာ၌ ကျေးရွာရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဒိုက်ဦး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု သပြေတောကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဩဂုတ်လ ၂ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက သပြေတောကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံ၍ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

သပြေတောကျေးရွာ၌ တွင်းအကျယ် ၄ ဒသမ ၅ လက်မ၊ တွင်းအနက်ပေ ၄၀၀ ရှိသော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်း၊ အိမ်သုံးမီတာတပ်ဆင်ခြင်းလုပ်ငန်း၊ ၂၄၀၀ ဂါလန်ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၉ ဒသမ ၇၀ သန်းဖြင့် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇူလိုင်လ ၂၂ ရက်မှ အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ၅၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

၂၀၂၅ ခုနှစ် အသက် ၁၂ နှစ်အောက် ကျောင်းသားအမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ



ချောင်းဆုံ ဩဂုတ် ၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများမှထူးချွန်သည့် မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ၂၀၂၅ ခုနှစ် မြို့နယ်ပညာရေးမှူးဖလား အသက် ၁၂ နှစ်အောက် ကျောင်းသားအမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁ ရက်မွန်းလွဲပိုင်းတွင် ချောင်းဆုံမြို့ မီတာ ၄၀၀ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးလှငွေးက အသက် ၁၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပထမနေ့ပွဲစဉ်အဖြစ် ကမာကေးဇုန်အသင်းနှင့် ရွာလွတ်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် မြို့နယ်ပညာရေးမှူးဖလား အသက် ၁၂ နှစ်အောက် ကျောင်းသားအမျိုးသားဘောလုံးပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှဇုန်အလိုက်အသင်း ၁၀ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဩဂုတ်လ ၁၉ ရက်တွင် အကြိုဗိုလ်လုပွဲစဉ်နှင့် ၂၁ ရက်တွင် ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ အမှတ်တရနေ့ရက်များ
၄။ ၁၁:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၅။ ၁၂:၀၀ ရေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၃:၀၀ အိုဘယ်သခင်တေးနယ်
၇။ ၁၄:၀၀ Music Gallery
၈။ ၁၇:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင်
၉။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၀။ **၁၉:၀၀ CGTN Nature အပိုင်း(၁၀)**

MWD Variety Channel
၃-၈-၂၀၂၅ (တနင်္ဂနွေနေ့)

၁။ ၀၉:၁၈ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၀:၂၇ ရောင်စုံပျံသင်းစာပန်းခင်း
၃။ ၁၄:၁၄ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၆:၁၅ သုတေသနမှသည် . . . သမိုင်းမှတ်တိုင်ဆီသို့
၅။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

ပြည်ချစ်သားတို့အားမာန်

* ပြည်သူ နမ်းမည့်
ပန်းတို့ သန့်စင်၊ ရနံ့လွင်လျက်
ချစ်ခင်ဖွယ်ရာ၊ ဆင်းရောင်ဝါဖြင့်
နုံ့သာမှုန်ရိပ်၊ ရွှေရောင်ဖိတ်ကာ
အဆိပ်ကင်းစေချင်သည်တကား။

* ပြည်သူ လှမ်းမည့်
လမ်းတစ်လျှောက်လျှင်၊ ဖြောင့်စေချင်၏
မြက်ပင်ချုံပုတ်၊ ခွေလိမ်ရှုပ်လျက်
ခလုတ်ကန်သင်း၊ ချိုင့်ခွက်ကျင်းလည်း
စဉ်းငယ်မျှပင်၊ မရှိစင်ကာ
ချိုလွင်ငှက်ပေါင်း၊ တေးချိုညောင်း၍
လမ်းကောင်း သာစေချင်သည်တကား။

* ပြည်သူသောက်မည့်
တစ်ပေါက်ရေစင်၊ အေးကြည်လင်၍
ရင်ကိုချမ်းမြေ့၊ အားသစ်ရကာ
နိုးထရွှင်ပြုံး၊ တေးသီကုံးစေ
သောက်သုံးရအေး၊ နည်မှန်ဝေးလျက်
ညစ်ကြေးကင်းစေချင်သည်တကား။

* သော်...ပြည်သူပြုံးလျှင်၊ တို့ပြုံးရွှင်၏
ပြည်သူပျော်လျှင်၊ တို့ပျော်ရွှင်၏
မြော်မြင်တွေးရှု၊ ငါတို့ပြုသည်
အမှုကိစ္စ၊ မှန်သမျှလျှင်
မိဘပြည်သူ
ကြည်ဖြူစေကြောင်း၊ အေးစေကြောင်းပင်
လမ်းကောင်း ပန်းကောင်း၊ ရေစင်ကောင်းနှင့်
တင့်ကောင်းသင့်မျှ၊ ငြိမ်းချမ်းမှလျှင်
ဘဝလုံခြုံ၊ ပြီးပြည့်စုံလိမ့်
သို့ ယုံကြည်လျက်
အသက်သွေးချွေး၊ ပြည့်အရေးတွင်
ပေးဆက်အပ်နှံ လှူဒါန်းရန်။
နိုင်ငံတော်နှင့် ပြည်သူ့ထံ။
ပြည်ချစ်သားမို့ သစ္စာနှံ
အောင်ပွဲရာထောင် ပိုင်လိမ့်အမှန်။ ။

မြင်းမူမောင်နိုင်မိုး

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များထံမှ ချေးငွေအမြန်ဆုံးပြန်လည်ရရှိရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး လိုအပ်သောဓာတ်မြေဩဇာစာရင်း၊ Drum Seeder များရရှိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များထံမှ ချေးငွေအမြန်ဆုံးပြန်လည်ရရှိရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး လိုအပ်သော ဓာတ်မြေဩဇာစာရင်း၊ Drum Seederများ ရရှိနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ကိုဗစ်-၁၉ ချေးငွေများ ဆုံးရှုံးမှုမရှိစေရေး၊ စားရေရိကွာဖြည့်တင်းရန် စိုက်ပျိုးရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုတိုးတက်ထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက ကိုဗစ်-၁၉ ချေးငွေများ အချိန်မီ ပြန်လည်ပေးဆပ်နိုင်ရေးနှင့် ဓာတ်မြေဩဇာများ ဝယ်ယူနိုင်ရေး၊ Drum Seeder များရရှိနိုင်ရေးတို့ကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသည့်ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် ချေးငွေစိစစ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများထုတ်ပေးထားရှိမှု၊ အတိုး၊ အရင်းများ ပြန်လည်ကောက်ခံမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်းသိရသည်။

မြဝတီ

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကြည့်ရှုစစ်ဆေး



ထားဝယ် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများကိုကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်မြို့တော်ခန်းမအဆောက်အအုံ တည်ဆောက်နေမှုနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်ပြီးစီးသည့် Hall ခန်းမကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြက်စားပြင်ရပ် ကမ်းနားလမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရုံးနှံဘေးရေကန်၊ အကောက်ခွန်ဦးစီးဌာနရုံးနှင့် သဲကွင်းဆိပ်တံတားအကြား မြေထိန်းနံရံအပေါ် လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးနှင့် ငါးလေလံစျေးအကြား မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ရေရှည်ခိုင်မြဲရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးအနက်ထားဆောင်ရွက်ရန်မှာကြားကြောင်းသိရသည်။

မြဝတီ

အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှနယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းတွင် သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းတွင် သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းတွင် သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နှင့် မိုင်းခတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် (၁၄) မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊တာလေမြို့၊ မိုင်းဆတ်မြို့၊ မိုင်းယောင်းမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ၌နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

(၃၈)ဖြာမင်္ဂလာ

အပြစ်ကင်းသောအလုပ် (အနဝဇ္ဇာနိ ကမ္မာနိ)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



မိုးကြီးသဖြင့် စိုးသူတို့ကျောင်းလမ်းလေးမှာ ပျက်စီးသွားခဲ့သည်။ မြေနီလမ်းဖြစ်သဖြင့် ရေတိုက်စားမှုအဟုန်ကြောင့် ကျင်းခွက်၊ ချိုင့်ခွက်ကြီးများဖြစ်သွားသည်။ မူလတန်းကျောင်းသားလေးများမှာ ရွံ့ပေကျံခြင်း၊ ချော်လဲခြင်းတို့ ဖြစ်ကြရသည်။

ကျောင်းအုပ်ကြီးက ရွာလူကြီးများနှင့် ညှိနှိုင်းတိုင်ပင်သည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင်ပျက်စီးသွားသောလမ်းများကို မြေဖို့မည်။ ပြီးလျှင် အုတ်ခဲကျိုးများခင်းကြမည်။ သည်တစ်နှစ်ခန့်သွားလို့ ရအောင်ပြုပြင်ထားပြီး ကျောင်းပိတ်လျှင် ကွန်ကရစ်လမ်းခင်းရန် သဘောတူကြသည်။ လိုအပ်သောငွေကြေးကို ကျောင်းသားမိဘတို့က ဝိုင်းဝန်းကူညီကြမည်ဖြစ်သည်။

စနေနေ့ ကျောင်းပိတ်ပြီ။

မှော်ဇောကျေးရွာအုပ်စုမှ လူအားလုံးနီးပါးမျှ ထွက်လာကြသည်။

ကျောင်းလမ်းမပြုပြင်ပွဲ၌ စိုးသူတို့သူငယ်ချင်းတစ်စုလည်း ပါဝင်ကြသည်။ မြေပေါက်သူပေါက်၊ မြေသယ်သူသယ်၊ လမ်းကိုဝါးလုံးများဖြင့် တုတ်ရိုက်သူရိုက်နှင့် ပျော်စရာပင်ဖြစ်သည်။

လုပ်အားပေးသူအားလုံးကို ရွာလူကြီးဆေးဆရာဦးခန့်က ကောက်ညှင်းပေါင်းကျွေးသည်။ စိုးသူ၏ဖေဖေနှင့်မေမေက အချိုရည်များ ဖျော်တိုက်သည်။

“ကြိုးစားထားကွ၊ တို့တစ်တွေအားလုံးမာဃလုလင်ဖြစ်ကြမှာ”

မြေသယ်ရင်းနှင့် မောင်လတ်က စိုးသူတို့ကို လှမ်းပြောလာသည်။ အားလုံးက မောင်လတ်ကို ဝိုင်းကြည့်လိုက်ကြသည်။ ဝိုင်စိုးက “ဘာလဲကွ မာဃလုလင်ဆိုတာ”ဟု ပြန်မေးလိုက်သည်။ “မာဃလုလင်ဆိုတာ မိုးပေါ်ကသိကြားမင်း ဦးမာဃကိုပြောတာပေါ့ကွ။ ငါ့ဖေဖေက ပြောပြထားတာ သူလည်း တို့လိုပဲ ရပ်ကျိုးရွာကျိုးလုပ်ရင်း သိကြားမင်း ဦးမာဃဖြစ်သွားတာ”

စကားဝိုင်းနားသို့ ကိုကိုက ပေါက်တူးကိုင်ရင်း ရောက်လာပြီး “မောင်လတ်ကဗဟုသုတစုံသားပဲကွ။ ဟုတ်တယ် စိုးလေးရ၊ လမ်းခင်းတာ လမ်းပြုပြင်တာ၊ အများမှီခိုသုံးစွဲဖို့ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် စိုက်ပျိုးလျှဒါန်းတာ၊ ရေတွင်း၊ ရေကန်တူးဖော်တပ်ဆင်တာ၊ တံတားခင်းတာ၊ စာသင်ကျောင်း၊ စာကြည့်တိုက်တွေ ဆောက်လုပ်တာတွေဟာ မင်္ဂလာရှိတဲ့အလုပ်တွေပေါ့။ ဒီကနေ နောင်သံသရာမှာအကျိုးရှိစေတဲ့လုပ်ငန်းတွေပဲပေါ့။ လူ့ဘဝမှာ အပြစ်ကင်းတဲ့အလုပ်ပေါ့ကွာ”

ကိုကိုက ပြောလက်စ စကားကိုရပ်လိုက်သည်။

အားလုံး၏ စုပေါင်းဆောင်ရွက်မှုကြောင့် လမ်းကလေးသည်လည်း ရုပ်လုံးပေါ်လာပြီဖြစ်သည်။ ရုပ်လုံးပေါ်လာသော လမ်းကလေးကိုကြည့်၍ စိုးသူတို့ပျော်နေမိသည်။ မိမိတို့၏ကြိုးစားမှုသည် မိမိတို့ထံအကျိုးပြန်ဖြစ်ထွန်းစေသည်ကို နားလည်လိုက်သည်။ ပစ္စုပ္ပန်သံသရာဟူသည်ကို စိုးသူနားမလည်သေးသော်လည်း မိမိတို့၏အပြစ်ကင်းသောအလုပ်မှ ရသော လက်ငင်းအကျိုးတရားကိုတော့ နားလည်လိုက်မိပါသည်။ ။

ဆိုရိုးစကား အလေးထား

လိုလျှင်ရစေ ကြိုးနှယ်ခွေ

အသုံးအဆောင်အရာဝတ္ထုတွေကို ပစ္စည်းလို့ခေါ်ပါတယ်။ ရွှေငွေဥစ္စာတွေကိုလည်း ပစ္စည်းလို့ခေါ်တာပါပဲ။ ပစ္စည်းတွေထဲမှာ တန်ဖိုးကြီးမားတဲ့ပစ္စည်းတွေရှိသလို တန်ဖိုးနည်းပါးတဲ့ပစ္စည်းတွေလည်းရှိပါတယ်။ တန်ဖိုးကြီးမားတဲ့ပစ္စည်းပဲဖြစ်ဖြစ်၊ တန်ဖိုးနည်းပါးတဲ့ပစ္စည်းပဲဖြစ်ဖြစ် အသုံးဝင်တာချည်းပါပဲ။ ဘယ်ပစ္စည်းမဆို သူ့နေရာနဲ့သူ အသုံးဝင်ပါတယ်။ ဒီတော့ ပစ္စည်းတိုင်းက တန်ဖိုးရှိနေပါတယ်။ ဒါကြောင့် တန်ဖိုးကြီးတဲ့ပစ္စည်းဖြစ်စေ၊ တန်ဖိုးနည်းပါးတဲ့ပစ္စည်းဖြစ်စေ ပစ္စည်းဟူသမျှကို ရိုသေရမယ်။ တန်ဖိုးထားရပါမယ်။ လိုအပ်တဲ့အခါမှာ သုံးစွဲလို့ရအောင် သိမ်းဆည်းထားရပါမယ်။

အသုံးဝင်တဲ့ပစ္စည်းတွေကို အသုံးလိုမှရှာဖွေရင် ချက်ချင်းရဖို့ မလွယ်ကူဘူး။ အသုံးလိုမှရှာဖွေတယ်ဆိုရင်တော့ ကသီလင်တဖြစ်ရတာပေါ့။ “ကသီလင်တ”ဆိုတာက အကြောင်းကိစ္စပေါ်ပေါက်လာတဲ့အခါမှာ ကိုယ်ရောစိတ်ရောပင်ပန်းရတာ၊ ဗျာများရတာကိုပြောတာပါပဲ။ အသုံးဝင်တဲ့ပစ္စည်းတွေကို ကြိုတင်ရှာဖွေထားရင် ကသီလင်တမဖြစ်ရတော့ဘူး။ ကသီလင်တမဖြစ်ရအောင်လို့ အသုံးဝင်တဲ့ပစ္စည်းတွေကို ကြိုတင်ရှာဖွေစုဆောင်းထားကြဖို့လိုပါတယ်။

ရှာဖွေလို့ရလာတဲ့ပစ္စည်းတွေကို တန်ဖိုးထားပြီး စုဆောင်းထားရတယ်။ ပစ်စလက်ခတ်မထားရဘူး။ မပျောက်ပျက်အောင် ထိန်းသိမ်းကြရတယ်။ “လိုလျှင်ရစေ ကြိုးနှယ်ခွေ”ဆိုတဲ့ဆိုရိုးစကားအတိုင်းပေါ့။ အဲဒီဆိုရိုးစကားရဲ့အဓိပ္ပာယ်က “ကြိုးကိုအလိုရှိသည့်အခါ အလွယ်တကူအသုံးပြုနိုင်ရန် ရစ်ခွေသိမ်းဆည်းထားသကဲ့သို့ နောင်တွင်အသုံးကျနိုင်မည့် အရာကိုအလိုရှိသည့်အခါရအောင် သိမ်းဆည်းထားရမယ်”လို့ ဆိုလိုပါတယ်။

အချို့ကကျတော့ ရှာဖွေလို့ရလာတဲ့ပစ္စည်းဥစ္စာကို တန်ဖိုးထားရကောင်းမှန်းမသိဘူး။ သိမ်းဆည်းထားရကောင်းမှန်းမသိဘူး။ ပစ်စလက်ခတ်ထားတယ်။ ပစ်စလက်ခတ်ထားတယ်ဆိုတာက တန်ဖိုးမထားဘဲ ပစ်ပယ်ထားတာ၊ မထိန်းသိမ်းဘဲထားတာကို ပြောတာပဲ။ ပစ္စည်းကို ပစ်စလက်ခတ်ထားတော့ ရှာဖွေလို့ရလာတဲ့ပစ္စည်းတွေက ပျက်စီးသွားတာလည်းရှိတယ်။ ပျောက်ဆုံးသွားတာလည်းရှိတယ်။ အလဟဿဖြစ်သွားရတာပေါ့။ အလဟဿဖြစ်သွားတယ်ဆိုတာက မသုံးမစွဲရဘဲနဲ့ အချည်းနှီးဖြစ်သွားတာ၊ အလကားဖြစ်သွားတာ၊ ဆုံးရှုံးသွားတာပါပဲ။ ဘယ်သူမဆိုအရေးကြီးဆုံးကတော့ စားဝတ်နေရေးပါပဲ။ စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရပါတယ်။ အလုပ်လုပ်တယ်ဆိုတာက လုပ်အားနဲ့ညီမျှတဲ့ အခကြေးငွေရဖို့ပါ။ အလုပ်လုပ်လို့ရလာတဲ့ အခကြေးငွေတွေကို ရသလောက်ကုန်အောင်မသုံးရဘူး။ သုံးတာကျစ်လျစ်ရတယ်။ လက်မဖွာရဘူး။ ခြိုးခြံချွေတာပြီး သုံးရတယ်။ ငွေပိုငွေလျှံရှိနေအောင် စုဆောင်းရမယ်။ ချွေတာစုဆောင်းရင် ချမ်းသာကြွယ်ဝလာမယ်။ ဒါကြောင့် “ချွေတာစုဆောင်း သူဌေးလောင်း”လို့ဆိုကြတာပါပဲ။ မစုဆောင်းဘဲနေရင်တော့ ရရစားစားဖြစ်နေမယ်။ အပိုအလျှံမရှိတော့ဘူး။ ဒီတော့ အရေးကြုံလာတဲ့အခါမှာ အခက်အခဲကြုံကြရတော့တာပဲ။


စုဆောင်းထားတဲ့ငွေကြေးနဲ့ စားဝတ်နေရေးအတွက် လိုအပ်တာတွေကို ဝယ်ယူသုံးစွဲရတယ်။ ဝယ်ယူတာတွေကလည်း မဝယ်မဖြစ်ဝယ်ယူရတဲ့အသုံးအဆောင်တွေဖြစ်ရမယ်။ ငွေဆိုတာက လိုတဲ့နေရာမှာသုံးဖို့ပါ။ မလိုအပ်တာတွေဝယ်ယူနေတာက ငွေကိုဖြုန်းတီးနေတာပဲ။ လိုအပ်တာကိုဝယ်ယူထားတဲ့ အသုံးအဆောင်ပစ္စည်းတွေက တစ်နေရာမဟုတ် တစ်နေရာမှာတော့ အသုံးဝင်နေတာပါပဲ။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ အသုံးလိုလာမှာပါ။ ဒါကြောင့် ဝယ်ယူထားတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ရှိရှိသေသေကိုင်တွယ်သုံးစွဲရသလို မပျောက်ပျက်အောင်၊ မပျက်စီးအောင်လည်း ထိန်းသိမ်းရတယ်။ “လိုလျှင်ရစေ ကြိုးနှယ်ခွေ” ဆိုသလို သိမ်းဆည်းထားရမှာပေါ့။

အခုအရွယ်ငယ်စဉ်ကတည်းက ရတဲ့ငွေကို ခြိုးခြံချွေတာသုံးစွဲတဲ့အလေ့အကျင့်၊ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းတဲ့ အလေ့အကျင့်၊ လက်ဝယ်ပိုင်ဆိုင်ထားတဲ့ပစ္စည်းတွေကို မပျောက်ပျက်စေရအောင်၊ မပျက်စီးစေရအောင်၊ မဆုံးရှုံးစေရအောင် ထိန်းသိမ်းတတ်တဲ့ အလေ့အကျင့်ကောင်းတွေကို မွေးမြူထားကြဖို့လိုပါတယ်။ အဲဒီအလေ့အကျင့်ကောင်းတွေနဲ့ မိမိရဲ့ဘဝကို ထူထောင်ကြရမှာဖြစ်ပါတယ်။

အဲဒီအလေ့အကျင့်ကောင်းတွေရှိနေရင် ဆင်းရဲတဲ့ဘေးနဲ့ကင်းဝေးမှာ မလွဲပါဘူး။ ပြည့်စုံကြွယ်ဝတဲ့သူ ဖြစ်လာမှာပါပဲ။

“လူမိုက်နှင့်ငွေ အတူမနေ”ဆိုတဲ့ မြန်မာဆိုရိုးစကားရှိပါတယ်။ လူမိုက်ဆိုတာက အသိဉာဏ်ဆင်ခြင်တုံတရားမရှိတဲ့သူပါပဲ။ ဆင်ခြင်တုံတရားမရှိတော့ မချင့်ချိန်ဘူး။ မစဉ်းစားဘူး။ လတ်တလောအကျိုးကိုပဲကြည့်တယ်၊ သိတယ်။ ရေရှည်အကျိုးကိုမကြည့်ဘူး၊ မသိဘူး။ အဲဒီတော့ သုံးတာနဲ့ဖြုန်းတာကို ခွဲခြားမသိနိုင်ဘူး။ သုံးတာထက် ဖြုန်းတာများနေတော့ ရလာတဲ့ငွေက အဖတ်မတင်တော့ဘူး။ ဒါကြောင့် “လူမိုက်နှင့်ငွေ အတူမနေ”လို့ ပြောကြတာပဲ။ ဒီတော့ ရှာဖွေလို့ရလာတဲ့ငွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို “လိုလျှင်ရစေ ကြိုးနှယ်ခွေ”ဆိုတဲ့ မြန်မာဆိုရိုးစကားအတိုင်း စုဆောင်းသိမ်းဆည်းတဲ့အလေ့အကျင့်ကို မွေးမြူကြရမှာဖြစ်ပါတယ်။ ။

မောင်သစ္စာ



ပွဲစျေးသည်

အရှေ့ရွာက ကျောင်းတင်ပွဲမှာ ဇာတ်နှစ်ညပါတော့ လူပျိုကြီးကိုစိုးထိုက်တစ်ယောက် မုန့်ဟင်းခါးသွားရောင်းမယ်ဆိုပြီး ညနေကတည်းက ဆိုင်းထမ်းလေးနဲ့ထွက်သွားတယ်။ မနက်ဝေလီဝေလင်း အချိန်လောက်မှာပဲ ဆိုင်းထမ်းလေး အိပ့်အိပ့်နဲ့ ကုပ်ကုပ်လေး ပြန်လာတော့ အိမ်နီးချင်းဖြစ်သူက. . .

“ပွဲစျေးမှာ ရောင်းကောင်းရဲ့လားဗျ”

“မပြောစမ်းပါနဲ့ကွာ၊ ငါ့မုန့်ဟင်းခါးဝယ်စားရင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမယ်လို့များ အမိန့်ထုတ်ထားသလားမသိပါဘူး”

“ဒါဆို တစ်ပွဲမှကို မရောင်းခဲ့ရဘူးပေါ့”

“ပြာသိုလကြီးထဲ မြောက်ဝင်ရိုးစွန်းကို ယပ်တောင်သွားရောင်းတာကမှ စျေးဦးပေါက်လိမ့်ဦးမယ်ဟေ့”။ ။

မိုးစဉ်လိုး

ပြည်စိုးညိမ်း

နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့







ငကွဲနှင့် ဧည့်မထ၊ မှည့်သမျှ ရွှေငွေ။ ဟဲ့အလှ မယ်မေရယ်၊ လယ်မြေနှံ့ ဖြန့်ကြဲ။

စိုက်ကြစို့ ဘာမဖြို့တယ်၊ ရတနာပုံ ဆိုက်ဖို့မလွဲ။

ကျွန်တော်တို့ အလယ်တန်းကျောင်း သားဘဝက သင်ခဲ့ရသည့် အမျိုးသား စာဆိုကဗျာဆရာကြီး ဇော်ဂျီ၏တို့လယ် သမားပုံထောက်သံကဗျာမှ ဖြစ်သည်။ ထိုပုံထောက်သံကို စာသင်သားဘဝ ကတည်းက ကျွန်တော်တို့တစ်တွေ ပျော် ပျော်ရွှင်ရွှင်ရွတ်ခဲ့၊ ဆိုခဲ့၊ ဖတ်ခဲ့ကြသည်။ ကြားနာခဲ့ကြသည်။ နှစ်ကာလကြာ ညောင်း၍ ယနေ့တိုင်သည်အထိလည်း ကဗျာ၏အဓိပ္ပာယ်မှာ တိုး၍သာပြည့်ဝ လေးနက်နေဆဲဖြစ်ပါ၏။ ဘာမဖြို့အောင် စိုက်ကြပါလျှင် ရတနာပုံဆိုက်ဖို့ မလွဲ ဆိုသည်မှာ ကျွန်တော်တို့နိုင်ငံ၏ ရေ၊ မြေ အနေအထားနှင့်ဆိုရပါသော်ခေတ်အဆက် ဆက်မှန်ကန်နေမည့် အရှိတရားတစ်ခု ပင်။

တစ်ဆက်တည်းမှာပင် မူလတန်း အဆင့်တွင်သင်ကြားခဲ့ရသည့် "မြေကြီးက ရွှေသီးရမည်"ဟူသော ဆိုရိုးစကားကို လည်း သတိရမိပြန်သည်။ ဆိုလိုရင်း အနက်မှာ ကျွန်တော်တို့နိုင်ငံသည် သဘာဝသယံဇာတပစ္စည်းများကြွယ်ဝ ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင် ရွက်နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း နောင်လာနောက်သားများ သိရှိခံယူနိုင်ရန် ကျောင်းသင်ရိုးတွင် ထည့်သွင်းဖော်ပြခြင်း ဖြစ်တန်ရာသည်ဟု အောက်မေ့မိသည်။

နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက် ရေးအတွက် လုပ်ငန်းစဉ်များစီမံဆောင် ရွက်ရာတွင် သဘာဝသယံဇာတပစ္စည်း များထုတ်ယူခြင်းထက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအပေါ် အဓိကဦးတည်သော နည်းလမ်းကို ပိုမိုရွေးချယ်သင့်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖြစ်စဉ်ဖြစ်ရပ် များက သက်သေခံနေကြသည်။ အကြောင်းမှာ သဘာဝသယံဇာတပစ္စည်း များထုတ်ယူခြင်းအပေါ် အလွန်အကျွံမှီခို ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက် စေရုံမျှမက တစ်ချိန်ချိန်တွင် နိုင်ငံသား တို့၏အနာဂတ်ကိုပါ ကြီးကြီးမားမား ခြိမ်းခြောက်လာနိုင်သောကြောင့်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက် နိုင်ဖို့ဆိုလျှင် ရေခံမြေခံကစကားပြော သည်။ အရေးလည်းကြီးသည်။ လက်မှု ဖြစ်စေ၊ စက်မှုဖြစ်စေ အဓိကအားဖြင့် စိုက်ပျိုးမြေအကျယ်အဝန်းနှင့် ရေအရင်း အမြစ်ပေါများကြွယ်ဝနေရန်လိုအပ်သည်။

ကျွန်တော်တို့နိုင်ငံ၏ ပထဝီဝင်အနေ အထားမှာ အားရဖွယ်ကောင်းသည်။ မြေပြန့်ဒေသများ၊ လွင်ပြင်များ၊ ကုန်းပြင် မြင့်များ၊ တောင်တန်းများ စသည်ဖြင့် မြေမျက်နှာသွင်ပြင်အမျိုးမျိုးရှိသည်။ ရာသီဥတုတွင်လည်း အပူပိုင်းဒေသ၊ သမပိုင်းဒေသနှင့် အအေးပိုင်းဒေသဆိုပြီး သုံးမျိုးကွဲသည်။ ပင်လယ်ရေမျက်နှာပြင် အနိမ့်အမြင့်မှာလည်း မတူညီသည့် အတွက် ကမ္ဘာနှင့်အဝှမ်း သဘာဝ အလျောက် ပေါက်ရောက်ရှင်သန်နေ သော သစ်တောသစ်ပင်အများစုကို ကျွန်တော်တို့နိုင်ငံအနှံ့အပြားတွင်စုံလင်စွာ တွေ့ရနိုင်သည်။

သက်ရှိလောကတွင် သတ္တဝါများနှင့် အပင်များအတွက် ရေကမရှိမဖြစ်လိုအပ် သော အခြေခံအကြောင်းတရားဖြစ်သည်။ အသက်သွေးကြောတမျှ အရေးပါသည်။ ဧရာဝတီမြစ်သည် ကျွန်တော်တို့နိုင်ငံ အတွက် သဘာဝကပေးထားသော ဆုလာဘ်ကြီးဖြစ်သည်။ မြန်မာနိုင်ငံ တစ်နံ တစ်လျားကို ဖြတ်သန်း၍ မြောက်မှ တောင်သို့ စီးဆင်းနေသည်။ ၎င်းဧရာဝတီ မြစ်ရေကိုအသုံးပြုပြီး မြန်မာနိုင်ငံ အလယ်ပိုင်း မြေပြန့်ဒေသများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံ တကာအဆင့်မီသည်အထိ အောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သော အခွင့်အလမ်းများ များစွာရှိနေသည်။ ကျွန်တော်တို့နိုင်ငံ အရှေ့ဘက်ပိုင်းတွင် သံလွင်မြစ်နှင့်စစ်တောင်းမြစ်၊ အနောက် ဘက်ပိုင်းဆိုလျှင် ချင်းတွင်းမြစ်၊ မဏိပူရ မြစ်နှင့်ကုလားတန်မြစ်တို့က အသီးသီး စီးဆင်းနေကြသည်။ အခြားသောမြစ်ငယ် များနှင့် ချောင်းကြီးချောင်းငယ်အသွယ် သွယ်တို့ကလည်း ပြည်လုံးအနှံ့ ဝန်းပတ် ရစ်ခွေစီးဆင်းလျက်ရှိနေကြပြန်သေး၏။

မြေအကျယ်အဝန်းအားဖြင့် ကျွန်တော် တို့နိုင်ငံမှာ ဧရိယာစတုရန်းမိုင်ပေါင်း နှစ်သိန်းခြောက်သောင်းကျော်စတုရန်းမိုင်၊ တစ်နည်းအားဖြင့် ဧက ၁၆၀ သန်းရှိသည်ဟု ဆိုနိုင်သည်။ ရေဝေရေလဲထိန်းသိမ်း ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ဧက ၆၈ သန်းကို ချန်လှပ်ထားဦးမည်ဆိုလျှင်ပင် အသုံးပြုနိုင်သည့် မြေအကျယ်အဝန်းမှာ ဧကသန်း ၁၀၀ ကျန်ရှိနေဦးမည်ဖြစ်သည်။

သည်မျှ ကျယ်ပြန့်သော စိုက်ပျိုးမြေ ဧက၊ မတူကွဲပြားသော မြေမျက်နှာ သွင်ပြင်၊ ရာသီဥတုအမျိုးမျိုးနှင့် မြစ် ချောင်းအင်းအိုင်များပေါများစွာတည်ရှိ နေခြင်းမှာ နိုင်ငံတော်ရှေသီးဖို့အခြေအနေ ကောင်းများဖြစ်ပေါ်လာစေရန် သဘာဝ တရားက ဖန်တီးပေးထားလေသလားဟု ရည်ညွှန်းပြဆိုရတော့မည်ဖြစ်သည်။ ရေခံ လည်းကောင်း၊ မြေခံလည်းကောင်းသဖြင့် စိုက်ပျိုးသီးနှံများနှင့် မွေးမြူရေးတိရစ္ဆာန် များကို နေရာဒေသအသီးသီးတွင် မိမိတို့ စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးမွေးမြူနိုင် သည့်အခွင့်အလမ်းရှိသော နိုင်ငံတစ်နိုင်ငံ ဟုသာ ဂုဏ်ယူစွာဆိုလိုက်ချင်သည်။

ပင်စင်စားဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်တော်သည် မနက်မိုးလင်းသည်နှင့် နေ့စဉ်ထုတ်သတင်းစာတစ်စောင်စောင် ကို ဖတ်လိုက်ရမှ ချဉ်ခြင်းအာလယပြေ ပျောက်လေ့ရှိသည်။ ငယ်စဉ်ကတည်းက စွဲခဲ့သောအစွဲဖြစ်သည်။ သတင်းများ ရရှိမှုနှင့်ပတ်သက်၍ ကျွန်တော်တို့ ငယ်ငယ်တုန်းကနှင့်စာလျှင် ယနေ့ခေတ် က ပို၍သတိကြီးကြီးထားဖွယ်ဖြစ်သည်။ ပိုင်းဖြတ်ဝေဖန်နိုင်သော ဆင်ခြင်တုံ တရားအားနည်းလျှင် အားနည်းသည့် အလျောက် သတင်းတု၊ သတင်းလိမ်များက မိမိတို့၏နေ့စဉ်လူမှုဘဝကို ဖုံးလွှမ်း ဝါးမျိုသွားနိုင်သောကြောင့်ဖြစ်သည်။

ဩဂုတ်လ ၁ ရက်နေ့ထုတ်သတင်းစာ နောက်ကျောဖုံးများတွင် ထင်ထင်ရှားရှား ဖော်ပြထားသည့် "နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံ တော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"ဟူသောအကြောင်းအရာသုံးခု ကို သတိပြုလိုက်မိသည်။ ကျွန်တော်တို့ နိုင်ငံ၊ ကျွန်တော်တို့ ရေမြေသဘာဝနှင့် အင်မတန်ဆီလျော်ကိုက်ညီသောအချက် များပင်ဖြစ်သည်။

နိုင်ငံတော်တွင် ရှေသီးသကဲ့သို့ တစ်ပြည်လုံးချမ်းသာ၍ လူမှုစီးပွားဘဝ များမြင့်မားစေဖို့ဆိုလျှင် ကနဦးအနေဖြင့် ပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက် ရမည်သာဖြစ်သည်။ ခေတ်နှင့်အညီ တိုးတက်လာသော နည်းပညာရပ်များနှင့် အတူ ကျွန်တော်တို့၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက် ရောက်သည်အထိ တစ်ဆင့်ထက်တစ်ဆင့် မြင့်၍ ပူးပေါင်းဆောင်ရွက်ကြရမည်လည်း ဖြစ်သည်။

နောက်တစ်ဆင့်တက်သော် ထိုစိုက်ပျိုး မွေးမြူရေးမှရရှိလာသော အခြေခံကုန်ကြမ်း များကိုပင် အခြေပြု၍ မိမိတို့ပြည်တွင်း မှာပင် ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက် ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာအောင် စီမံဆောင်ရွက်ကြ ရမည်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင် နှုန်းခန့်က ကျေးလက်နေပြည်သူများဖြစ် သည်။ နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ကျော်ခန့်မှာ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍာတို့တွင် တစ်နည်းနည်း ဖြင့် လုပ်ကိုင်နေကြသူများဖြစ်သည်။ ဒေသအလိုက်၊ လူဦးရေအလိုက် နေ့စဉ် လိုအပ်သော စားရေရိက္ခာများဖြည့်ဆည်း ပေးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွား မည်ဆိုလျှင်ပင် ကျွဲကူးရေပါဆိုသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွား လာပြီး ကျေးလက်နေပြည်သူများ၏လူမှု စီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက် လာကြမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းစဉ်များတွင် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် အင်္ဂါရုပ်လေးမျိုး ပြည့်စုံကောင်းမွန်စေရန် နိုင်ငံတော် အစိုးရမှသည် သက်ဆိုင်ရာဌာနအသီးသီး နှင့် တောင်သူလယ်သမားများအထိ အသိတူ၊ အလုပ်တူ၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြသည်များကို တွေ့မြင်ကြားသိနေရသည်မှာ အားရစရာ ကောင်းလှသည်။

နိုင်ငံနှင့်အဝှမ်း နေရာဒေသတိုင်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွား၊ ငါးစသည် တို့ကို အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေမျိုးရှိနေခြင်းမှာ ကျွန်တော်တို့ နိုင်ငံအတွက် သဘာဝကပေးအပ်ထား သည့်အားသာချက်တစ်ရပ်ဟုဆိုရပါမည်။ ပြည်သူများနေ့စဉ်စားသုံးနေသည့် စားရေ ရိက္ခာဖူလုံရေးအတွက်မွေးမြူရေးလုပ်ငန်း များကလည်း စိုက်ပျိုးရေးလုပ်ငန်းများ နည်းတူ အရေးကြီးသော မဏ္ဍိုင်ကြီး တစ်ရပ်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် လုပ်ဆောင်ခြင်းဖြင့် စားသုံးသူများအတွက် ဖူလုံပေါများ၍ ဈေးနှုန်းသင့်တင့်အကျိုးဖြစ်ထွန်းစေသလို မွေးမြူသူများအနေဖြင့်လည်း လူမှုစီးပွား ဘဝနှင့်အလုပ်အကိုင်အခွင့်အလမ်းများကို တိုးပွားလာစေမည်ဖြစ်သည်။

ထို့ထက်ပို၍ဆိုရပါလျှင် ထိုထိုသော စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံတော် အတွက် ကြီးမားသောအကျိုးဖြစ်ထွန်း စေမှုနှင့် အမျိုးသားအကျိုးစီးပွားကို မြင့်မားစေမည်လည်းဖြစ်သည်။

ကျွန်တော်တို့နိုင်ငံအနေဖြင့် အလုပ် လုပ်နိုင်သော ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ်အကျိုးရှိအောင် အလုပ် လုပ်နိုင်ရန်လိုအပ်နေသေးသည်ဟု ဆိုရ မည်ဖြစ်သည်။ သည့်အတွက် နိုင်ငံတော် အနေဖြင့် အလုပ်လုပ်နိုင်ရန်အတွက် အခြေအနေကောင်းများ၊ အခွင့်အလမ်း ကောင်းများကို စဉ်ဆက်မပြတ် ဖန်တီး ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။ အဓိကဦးစားပေးအနေဖြင့် လိုအပ်သော အရင်းအနှီးများနှင့်နည်းပညာများ လိုလေး သေးမရှိ ဖြည့်ဆည်းပေးနေသည်ကို ထောက်ချင့်၍ သိနိုင်သည်။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီး သည် မိမိတို့အမျိုးသားအကျိုးစီးပွား ကိုသာ အလေးထားဦးစားပေးလာကြ သည်ကို **စာမျက်နှာ ၁၃ သို့■**

■ စာမျက်နှာ ၁၂ မှအဆက်

တွေ့ရမည်ဖြစ်သည်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ GDP တိုးတက်လာရေးအတွက် ပြည်တွင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။ သည့်အတွက် ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း နိုင်ငံ့ GDP တိုးတက်စေရေးအတွက် ရည်မှန်းချက်များခိုင်ခိုင်မာမာချမှတ်ပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်လာအောင် စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လပိုင်းအတွင်းက နိုင်ငံတော်အကြီးအကဲ၏ ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်သတင်းများကို ဖတ်လိုက်ရသည်။ ဘယ်လာရုစ်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁ ဘီလီယံရှိကြောင်း သိရှိရသည်။ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှ ရရှိမှုကပင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံမှ ၈ ဒသမ ၂ ဘီလီယံရှိသည်ဟုသိရသည်။ အားကျဖွယ်ကောင်းလှသည်။ ကျွန်တော်တို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှရရှိမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့်သာရှိသေးသည်။

ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်ပါက ဧရိယာအကျယ်အဝန်းသေးငယ်ခြင်း၊ လူနေထိုင်မှုအရ နည်းပါးခြင်းရှိသော်လည်း GDP မှာ မြင့်မားနေသည်ကိုလည်း သတိပြုမိသည်။ အဓိကအကြောင်းရင်းမှာ ခေတ်မီသည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ပြီး ရရှိလာသည့်ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မှုများပြားခြင်းကြောင့်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းတွင်လည်း ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပြည်ပသို့ တွင်တွင်ကျယ်ကျယ်တင်ပို့နေသည်ကို တွေ့ရသည်။ တစ်ဖန် အဆင့်မီလယ်ထွန်စက်ပစ္စည်းများ ထုတ်လုပ်တင်ပို့သည့် နိုင်ငံလည်းဖြစ်သည်။ မွေးမြူရေးဘက်ကြည့်မည်ဆိုလျှင်လည်း နို့စားနွားကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျမွေးမြူသည်။ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး နို့ထွက်ပစ္စည်းများထုတ်လုပ်သည်။ ပြည်ပစျေးကွက်ကို အင်နှင့်အားနှင့်တင်ပို့သည်။ ဘယ်လာရုစ်နိုင်ငံသည် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားသာချက်တစ်ရပ်အဖြစ် အကျိုးရှိစွာအသုံးပြု၍ ပြည်ပပို့ထုတ်ကုန်များကို တွင်ကျယ်စွာထုတ်လုပ်ကြခြင်းပင်ဖြစ်သည်။

သို့ဆိုပါလျှင် ကျွန်တော်တို့နိုင်ငံသည်လည်း “သူ့မြေမှာ ဖြူပြာ ပွင့်ရင်ဖြင့်၊ ငါ့မြေမှာ နီဝါတင့် ရမပေါ့”ဆိုသော ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြေခံရေခံမြေခံကောင်းများရှိပြီးဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံအတွင်းခေတ်မီနည်းစနစ်များဖြင့် အင်တိုက်အားတိုက်လုပ်ကိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုအထွက်နှုန်းလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ရှေးအစဉ်အဆက်တွင် တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ခဲ့ကြသောသက်သေသာဓကများလည်း များစွာရှိခဲ့ပြီးဖြစ်သည်။

နိုင်ငံ့စီးပွားကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ပသွင်းကုန်များအပေါ်တွင်သာ မှီခိုအားထားနေရခြင်းမျိုးမဟုတ်ဘဲ မိမိတို့ပြည်တွင်းမှာပင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေးအတွက်လည်း ရေရှည်ကိုမြော်တွေး၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သည့်အတွက် နည်းပညာနှင့်ငွေကြေးအရင်းအနှီးများ ပြည့်စုံရန်လိုအပ်သည့် နည်းတူ လူသားအရင်းအမြစ်ကောင်းများ လုံလောက်စွာရှိနေရန်လည်း လိုအပ်သည်။

ဥပမာအားဖြင့် ကျွန်တော်တို့နိုင်ငံတွင် တည်ထောင်ပြီး စက်မှုဇုန် ၂၈ ဇုန်၊ စက်မှုရုပ်ကွက်ငါးခုနှင့်ဆောင်ရွက်ဆဲ စက်မှုဇုန်စီမံကိန်းနှစ်ခုရှိသည်။ တည်ထောင်ပြီးစက်မှုဇုန်များတွင် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်အကြီးစားစက်မှုလုပ်ငန်းပေါင်း ၈၀၃၅ ခုရှိပြီး လုပ်သားပေါင်း ငါးသိန်းငါးသောင်းကျော်ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်းသိရသည်။ နိုင်ငံတော်၏ပြည်ပပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးစက်မှုထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်လာပြီး စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်ကိုလည်း ကျွန်တော်တို့အားလုံးက ဝိုင်းဝန်းအားပေးမြှင့်တင်ကြရမည်ဖြစ်သည်။ သီးနှံကုန်ကြမ်းအစွမ်းထက်မှုစုံသမျှ နည်းဟန်ထုံမွှမ်း၍ တစ်ခန်းစက်မှုဇုန်သို့ တိုးမြှင့်ကြိုးပမ်းကြရမည်လည်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံများ၏ဖြစ်စဉ်ကိုကြည့်လျှင် နိုင်ငံအတွင်းမှာရှိသော အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME)လုပ်ငန်းများက အခြေခံကျသည့် တွန်းအားဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ MSME လုပ်ငန်းများသည် စီးပွားရေးကို နိုင်ငံလုံးအနှံ့တိုးတက်စေပြီး ပြည်သူများ၏လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်စွမ်းရှိသည်ကို တွေ့ရမည်ဖြစ်၏။

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံသည့် MSME လုပ်ငန်းများမှာ အစောပိုင်းကတည်းက ပေါ်ထွန်းခဲ့သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၂ ခုနှစ်ခန့်မှစပြီး အရှိန်အဟုန်နှင့် အထူးတလည် အားပေးဆောင်ရွက်ခဲ့သည်ကို သတိပြုမိရသည်။ ယနေ့ဆိုလျှင် အတိုင်းအတာတစ်ခုအထိ လုပ်ငန်းများလည်ပတ်ကာ အောင်မြင်မှုများရရှိနေပြီလည်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံမှ MSME လုပ်ငန်းအများစုမှာ စားသောက်ကုန်များဖြစ်နေသည်ကိုတွေ့ရပြီး အခြားစျေးကွက်ဝင်ထုတ်ကုန်များ၊ စက်မှုထုတ်ကုန်များနှင့် လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရန် ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

MSME လုပ်ငန်းများဆောင်ရွက်ရာတွင်ကုန်ကြမ်းရရှိရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ ထို့ကြောင့်လည်း ဒေသအလိုက်ထွက်ရှိသော ထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့်လျှပ်စစ်ဓာတ်အားများကို နည်းလမ်းအသွယ်သွယ်ဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့်လူသားအရင်းအမြစ်ကောင်းများ ပြည့်စုံရန်လည်း လစ်ဟာမှုမရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ဥပမာအားဖြင့် တိုင်းဒေသကြီးများနှင့်ပြည်နယ်အသီးသီးတွင် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဖွင့်လှစ်ပေးခဲ့သည်မှာ ၈၆ ကျောင်းရှိခဲ့ပြီဖြစ်သည်။

စင်စစ်အားဖြင့် MSME လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပြီး ပုံစံအမျိုးမျိုးသော စီးပွားရေးစနစ်များတွင် အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းစုဖြစ်သည်။ MSME လုပ်ငန်းများ ပုံမှန်ဖွံ့ဖြိုးတိုးတက်နေမည်ဆိုလျှင် စီးပွားရေးမတည်ငြိမ်သည့် ကာလများမှာပင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းကျောင်းပေးနိုင်စွမ်း ရှိကြောင်း လေ့လာတွေ့ရှိရသည်။ MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံအတွင်းငွေကြေးစီးဆင်းလည်ပတ်မှုကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု၏ အညွှန်းကိန်းတစ်ခုဖြစ်သည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု GDP ကိုလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်သည်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများလူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကမောင်းနှင်အား တစ်ရပ်ပင်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ရာတွင် နည်းပညာများလွှဲပြောင်းပေးခြင်း၊ ကုန်စည်ပြပွဲများ ဖိတ်ခေါ်ပြသခြင်း၊ ဒေသတွင်း ထုတ်ကုန်ပြပွဲပြိုင်ပွဲများ ပြုလုပ်၍ ဆုများချီးမြှင့်ပေးခြင်း၊ လုပ်ငန်းအရွယ်အစားများ ကြီးမားလာစေရန် ဆောင်ရွက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းများပေးခြင်း၊ အွန်လိုင်းစျေးကွက်ပလက်ဖောင်းများထူထောင်ပေးခြင်း၊ နိုင်ငံတကာကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် ဝင်ရောက်နိုင်ရန် အကူအညီပေးခြင်း၊ အရင်းအနှီးလိုအပ်ချက်အတွက် ချေးငွေရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် အားပေးကူညီလျက်ရှိသည်ကိုလည်း နိုင်ငံသားတစ်ယောက်အနေဖြင့် ဝမ်းမြောက်ဖွယ် တွေ့မြင်ကြားသိနေရသည်။

လုပ်ငန်းစဉ်တစ်လျှောက်တွင်ကုန်ထုတ်လုပ်ငန်းများအတွက် အရေးအကြီးဆုံးနှင့် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့် ကုန်ကြမ်းအား ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကိုသာ အဓိကထားသုံးစွဲထုတ်လုပ်ကြရမည်ဖြစ်သည်။ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြင့်ကုန်ချောများထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲမှုသည် အရည်အသွေးမြင့်ထုတ်ကုန်များ ပြည်ပသို့ပို့မိုတင်ပို့နိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာရမည်မှာ မလွဲဧကန်ဖြစ်သည်။ တစ်နည်းဆိုရသော် နိုင်ငံတော်ရွေသီးမည့် ရှေ့ခရီးအနာဂတ်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မိုးညှင်းမြို့၌ ငလျင်ဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဌာန်တူသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

မိုးညှင်း ဩဂုတ် ၂

ကျင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့၌ ငလျင်ဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေးသဏ္ဌာန်တူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့က ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်က အဖွင့်အမှာစကားပြောကြားရာတွင်သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ပတ်သက်၍ မတ်လ ၂၈ ရက်ကလှုပ်ခတ်ခဲ့သည့်အင်အားပြင်းငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ပွားခဲ့သောဒေသများ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုများနှင့်အညီ မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများ၊ ကနဦးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ သဘာဝဘေးငလျင်ကြောင့် အဆောက်အအုံအတွင်းနှင့် အထပ်မြင့်တိုက်များတွင် ပိတ်မိနေသည့် လူနာများအား ရှာဖွေကယ်ထုတ်နိုင်ရေးလုပ်ငန်းများနှင့်လူနာတင်ယာဉ်ဖြင့် သယ်ဆောင်ခြင်းလုပ်ငန်းများဖြစ်သည့် သဏ္ဌာန်တူသရုပ်ပြခြင်းများကို ဆောင်ရွက်ရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုကြသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း အမျိုးအစား ၄၀ ကျော်ကို ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးက ရှင်းလင်းပြသရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုကြောင်း သိရသည်။



ရွှေမိုးညှင်း

စာမေးပွဲကျရှုံးသော်လည်း ထပ်မံကြိုးစား မုချအောင်မြင်မည်

ဇူလိုင်လ ၂၇ ရက်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာခဲ့သည်။ ကျောင်းသားမိဘများသည် အောင်စာရင်းထုတ်ပြန်မည့်ရက်ကို လက်ချိုးရေတွက်ခဲ့ရသည်။ ဇူလိုင်လ ၂၆ ရက် ညပိုင်းကတည်းက ကျောင်းသားမိဘများနှင့် ကလေးများကောင်းကောင်းမအိပ်နိုင်ဘဲ အောင်စာရင်းအတွက်ရင်ခုန်နေကြသည်။ ထို့နောက် ဇူလိုင်လ ၂၇ ရက် နံနက်စောစောတွင် မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ ဝမ်းသာ၊ ဝမ်းနည်းဖြစ်ခဲ့ရသည်။ စာမေးပွဲအောင်မြင်သူများသည် ပျော်လို့မဆုံးဖြစ်နေကြသည်။ ဂုဏ်ထူးများစွာနှင့်အောင်မြင်သောကလေးများသည် အတိုင်းထက်အလွန်ပင်ဖြစ်သည်။ အထူးသဖြင့် မိဘများသည် ပို၍ပင်ပျော်ရွှင်နေကြသည်။ သူတို့၏အပျော်များသည် ပတ်ဝန်းကျင်ရှိ မိတ်ဆွေများနှင့်သူငယ်ချင်းများကို ဝမ်းသာပီတိဖြစ်စေသည်။ စာမေးပွဲကျရှုံးသည့် ကလေးများသည် ဝမ်းနည်းပက်လက်ငိုကြွေးနေကြသည်။ တချို့သော မိဘများသည် မစားနိုင်မသောက်နိုင်ပင်ဖြစ်နေကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

အောင်ချက်ရာခိုင်နှုန်း

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀၇၈၉၈ ဦးဖြေဆိုခဲ့ရာ ၉၉၉၂၄ ဦးအောင်မြင်ခဲ့သောကြောင့် အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့သည်။ ဆိုရလျှင် စာမေးပွဲဖြေဆိုသူ နှစ်ဦးလျှင် တစ်ဦးနီးပါးခန့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်နယ် စာစစ်ဌာနသည် ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် အောင်ချက်အမြင့်မားဆုံးဖြစ်သည်။ ခြွင်းချက်အနေဖြင့် နိုင်ငံခြားစာစစ်ဌာနသည် အောင်ချက် ၉၅ ရာခိုင်နှုန်းရှိသည်။

မုဒိတာပွားမိ

စာမေးပွဲအောင်စာရင်းသည် ကျောင်းသားတစ်ဦး၊ တစ်ယောက်ချင်းစီ၏ တစ်နှစ်တာကာလအတွင်း ကြိုးပမ်းအားထုတ်ခဲ့မှုများကို မှတ်ကျောက်တင်ပေးခြင်းဖြစ်သည်။ အောင်စာရင်းတွင် ဂုဏ်ထူးရရှိသည့်ဘာသာရပ်များကို ဖော်ပြထားလေ့ရှိသည်။ ထို့ကြောင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်ကလေးများသည် ပို၍ပျော်ရွှင်ကြမည်ဖြစ်သည်။ အထူးသဖြင့် တစ်နိုင်ငံလုံးတွင် အဆင့် ၁၀ အတွင်းဝင်သည့် ကျောင်းသား၊ ကျောင်းသူများသည် သူတို့၏ကြိုးပမ်းမှုရလဒ်အတွက် ကျေနပ်နေလိမ့်မည်ဖြစ်သည်။ မိဘများသည် သားသမီးများအတွက် ဂုဏ်ယူဝင့်ကြွားပျော်လို့မဆုံး တပြုံးပြုံးဖြစ်နေကြမည်။ မိဘချင်းကိုယ်ချင်းစာမိသည်။ ထိုအောင်မြင်မှုများကိုလည်း လှိုက်လှိုက်လဲလဲ မုဒိတာပွားမိသည်။ မည်သို့ပင်ဆိုစေကာမူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် များစွာ ဂုဏ်ယူမိသည်။

ကိုယ်တွေ့ကြုံခဲ့ရ

တက္ကသိုလ်ဝင်စာမေးပွဲသည် လက်ရေးလက်သားအပါအဝင် အမှတ်ပေးစည်းမျဉ်းနှင့်အညီသပ်သပ်ရပ်ရပ် စနစ်တကျဖြေဆိုနိုင်မှသာလျှင် မျှော်မှန်းသလောက်ရလဒ်ထွက်ရှိမည်ဖြစ်သည်။ တချို့သော ကလေးများသည် အားလုံးဖြေဆိုခဲ့သော်လည်း အဖြေလွှာကို ပြန်လည်စစ်ဆေးခြင်းမရှိသဖြင့် မျှော်မှန်းမထားသော စာလုံးပေါင်းသတ်ပုံအမှားအယွင်းများပါသွားနိုင်ပေသည်။

စာရေးသူတို့လည်း ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းမထုတ်ပြန်ခင်က အောင်စာရင်းကို ရင်တမမဖြင့် မျှော်လင့်ခဲ့ရသည်။ ထိုစဉ်က သမီးကြီးသည် ဂုဏ်ထူးငါးဘာသာခန့် မျှော်မှန်းထားသော်လည်း အောင်စာရင်းထွက်သည့်အချိန်တွင် သုံးဘာသာပါရှိခဲ့သဖြင့် စိတ်မကောင်းဖြစ်ခဲ့ရသည်။ သို့သော် အမှတ်စာရင်းထွက်သည့်အချိန်တွင် အမှတ်ကောင်းသဖြင့် စိတ်ဖြေဆည်ရာရရှိခဲ့သည်။ သမီးကြီးသည် စာမေးပွဲဖြေဆိုရာတွင် စိတ်လောလေ့ရှိသဖြင့် စိတ်အေးအေးထား၍ဖြေဆိုဖို့ရန် အမြဲတမ်းသတိပေးခဲ့ရသည်။

စာမေးပွဲအောင်စာရင်းတွင်ပါမလာသော်လည်း

စာမေးပွဲဖြေဆိုခါနီးအချိန်တွင် ကျန်းမာရေးနှင့်အခြားလူမှုရေးအခက်အခဲတစ်ခုခုကြောင့် ခြေချော်လက်ချော်ဖြစ်သွားနိုင်သည်။ ထိုကလေးများအနေဖြင့် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ဖန်တီးလာသည်ဟု သဘောထားရမည်ဖြစ်သည်။ အရာရာတိုင်းကို ပုံသေကားကျတွက်၍ စိတ်ဓာတ်ကျဆင်းနေရန်မလိုပေ။ အနာဂတ်တွင်ပိုမိုကောင်းမွန်သော အခွင့်အလမ်းများတွေ့ရှိလာနိုင်သည်။ ဘဝကို အပြုသဘောဆောင်စွာရှုမြင်ထားသင့်သည်။ စာမေးပွဲတစ်ခါကျရှုံးခြင်းသည် ဘဝတစ်ခုလုံးအတွက် ဆုံးရှုံးမှုကြီးမဟုတ်ပေ။ လာမည့်ပညာသင်နှစ်တွင် နှစ်စကတည်းက ဖိဖိစီးစီးသာနှစ်သလိုဖြစ်နေတတ်ပေသည်။ ပကာသနဆန်သောပြိုင်ဆိုင်မှုများသည် ကလေးများကို လမ်းမှားသို့တွန်းပို့စေနိုင်သဖြင့် မိဘအုပ်ထိန်းသူများအနေဖြင့် ချင့်ချိန်ဆောင်ရွက်သွားရန်လိုအပ်ပေသည်။

လက်တစ်ကမ်းတွင်ရှိနေ

တချို့သောသူများသည် တစ်ခါကျရှုံးရုံမျှဖြင့် စိတ်ဓာတ်ကျဆင်းသွားတတ်ကြသည်။ စိတ်ထင်ရာလျှောက်လုပ်တတ်ကြသည်။ အပေါင်းအသင်းမှားပြီးမူးယစ်ဆေးဝါးသုံးစွဲတတ်သည်။ အဆိုးရွားဆုံးအချက်သည် လွဲမှားသောနည်းလမ်းဖြင့် ထွက်ပေါက်ရှာခြင်းဖြစ်သည်။ အောင်မြင်သူများကိုကြည့်မည်ဆိုလျှင် အချို့သူများသည် တစ်ချိန်ကကျရှုံးခဲ့ဖူးသည်။ သို့သော် အောင်မြင်လိုသည့် ခိုင်မာသောဆန္ဒရှိနေ

အောင်မြင်သူများကိုကြည့်မည်ဆိုလျှင် အချို့သူများသည် တစ်ချိန်ကကျရှုံးခဲ့ဖူးသည်။ သို့သော် အောင်မြင်လိုသည့် ခိုင်မာသောဆန္ဒရှိနေသဖြင့် အကြိမ်ကြိမ်ကြိုးစား၊ အကြိမ်ကြိမ်ရုန်းကန်ထခဲ့ကြရသည်။ မိမိလည်း ကြိုးပမ်းသွားမည်ဆိုလျှင် မအောင်မြင်စရာအကြောင်းမရှိချေ။ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့သာလိုသည်။ အောင်မြင်မှုသည် မိမိ၏လက်တစ်ကမ်းတွင်ရှိ . . .

ကြိုးစားသွားမည်ဆိုလျှင် ဂုဏ်ထူးများစွာဖြင့်ပင် အောင်မြင်နိုင်မည့် အခွင့်အလမ်းရှိနေပါသေးသည်။ အောင်စာရင်းတွင် ပါရှိမလာသော်လည်း စိတ်ဓာတ်ကျနေစရာမလိုပေ။ ကျရှုံးသော်လည်း ထပ်မံကြိုးစားပါက အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာရှိနေပြီး မုချအောင်မြင်နိုင်မည်ဖြစ်သည်။

ဆန္ဒသာရှိမည်ဆိုလျှင်

လက်ရှိစာမေးပွဲကျရှုံးမှုကို ဘဝအတွက် သင်ခန်းစာအဖြစ် သဘောထားသွားရမည်ဖြစ်သည်။ အောင်စာရင်းတွင်ပါလာခြင်း မရှိသည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးအနေဖြင့် ပထမဆုံးဆောင်ရွက်ရမည့်အလုပ်သည် လွန်ခဲ့သောတစ်နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့မှုများကို ပြန်လည်သုံးသပ်သွားရန်လိုအပ်သည်။ ပထမဆုံးအချက်မှာ မိမိဖြေဆိုခဲ့သော အမှတ်စာရင်းတောင်းကြည့်ရမည်ဖြစ်သည်။ အမှတ်စာရင်းတွင် အားနည်းချက်ရှိသော ဘာသာရပ်များကို ယခုနှစ်တွင် ပိုမိုလေ့ကျင့်ကျက်မှတ်သွားရန်လိုအပ်သည်။ အားသာချက်ရှိပြီးသော ဘာသာရပ်များကို ဆက်လက်လေ့ကျင့်ကျက်မှတ်လိုက်မည်ဆိုလျှင် သေချာပေါက်ဂုဏ်ထူးထွက်မည်ဖြစ်သည်။ မည်သည့်အရာတွင်မဆို အောင်မြင်လိုသည့်ဆန္ဒသာအမှန်တကယ်ရှိနေမည်ဆိုလျှင် တစ်နေ့တွင် ထိုက်တန်သောအောင်မြင်မှုကို ဧကန်မုချရရှိသွားမည်ဖြစ်သည်။

နေထိုင်မှုပုံစံပြောင်းရန်လို

လက်ရှိအချိန်တွင် စမတ်ဖုန်းများသည် လူငယ်များ၏နေ့စဉ်ဘဝကို လွှမ်းမိုးလာနေပြီဖြစ်သည်။ တက္ကသိုလ်ဝင်တန်းတက်မည့်ကလေးများအနေဖြင့် ဖုန်းသုံးစွဲချိန်ကိုလျှော့သွားရန်လိုအပ်သည်။ လူမှုကွန်ရက်သည် သုံးတတ်လျှင် အကျိုးရှိနိုင်သော်လည်း မသုံးတတ်လျှင် အချိန်နှင့် ငွေကြေးကုန်ကျပြီး ပညာသင်ကြားရေးကိုပါထိခိုက်နိုင်သည်။ တချို့သောယောကျ်ားလေးများသည် ဖုန်းဖြင့်ဂိမ်းဆော့နေတတ်ပြီး မိန်းကလေးများသည် လူမှုကွန်ရက်ပေါ်မှနေထိုင်မှုပုံစံများအပေါ်တွင် သာယာနေတတ်ကြသည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများသည် သားသမီးများ၏ တယ်လီဖုန်းသုံးစွဲချိန်ကိုစောင့်ကြည့်ကန့်သတ်ထားသင့်သည်။ သားသမီးများကိုအလိုလိုက်ခြင်းသည် ချစ်ရာမကျဘဲ သဖြင့် အကြိမ်ကြိမ်ကြိုးစား၊ အကြိမ်ကြိမ်ရုန်းကန်ထခဲ့ကြရသည်။ မိမိလည်း ကြိုးပမ်းသွားမည်ဆိုလျှင် မအောင်မြင်စရာအကြောင်းမရှိချေ။ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့သာလိုသည်။ အောင်မြင်မှုသည် မိမိ၏လက်တစ်ကမ်းတွင်ရှိနေသည်။

ထူးချွန်စွာအောင်မြင်နိုင်

စင်စစ်အားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးခဲ့သူများသည် စိတ်ဓာတ်ကျဆင်းနေစရာမလိုပေ။ တမှိုင်မှိုင်တတွေတွေဖြင့် နောင်တရနေရန်လည်းမလိုပေ။ အဓိကလုပ်ဆောင်သွားရမည့်အချက်သည် လာမည့် ပညာသင်နှစ်အတွက် စိတ်သစ်ခွန်အားသစ်များနှင့် ကြိုးစားသွားရန်သာ လိုအပ်သည်။ ပညာသင်နှစ်အစမှစ၍ တစ်နေ့စာတစ်နေ့ ပြတ်အောင်သာ ကြိုးစားလေ့ကျင့်ကျက်မှတ်သွားမည်ဆိုလျှင် အတန်းတင်စာမေးပွဲကြီးကို အလွယ်တကူဖြေဆိုအောင်မြင်နိုင်မည်ဖြစ်သည်။ စနစ်တကျသာ လေ့လာသင်ယူလေ့ကျင့်ကျက်မှတ်သွားမည်ဆိုလျှင် ဂုဏ်ထူးများစွာဖြင့်ပင် ထူးချွန်စွာအောင်မြင်နိုင်သည်။

ကြိုးပမ်းအားထုတ်မှုနှင့် အောင်မြင်မှုအသီးအပွင့်များ

မည်သည့်အရာမဆို အချိန်ကကုစားသွားမည်ဖြစ်သည်။ မိဘများအနေနှင့်ကလည်း ကလေးများကို စိတ်ဒဏ်ရာရရှိအောင် လွန်လွန်ကဲကဲဖိအားမပေးသင့်ပေ။ အဆိုးထဲမှ အကောင်းပင်ဖြစ်သည်။ ကောင်းမွန်သောအခြေအနေတစ်ရပ်ကို ဖန်တီးလာခြင်းဖြစ်သည်ဟု သဘောထားသွားရန်သာလိုအပ်သည်။ ဆိုလိုသည်မှာ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်အောင်ကြိုးပမ်းနိုင်ရေးအတွက် အခွင့်အလမ်းရှိသည်ဟု သဘောထားရန်သာလိုအပ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးခဲ့သည့် ကျောင်းသား၊ ကျောင်းသူများသည် လာမည့် စာမေးပွဲတွင် အောင်မြင်အောင် ကြိုးစားသွားမည်ဆိုသည့် ခိုင်မာသော သန္ဓိဋ္ဌာန်စိတ်ဖြင့်သာ ကြိုးပမ်းသွားမည်ဆိုလျှင် အောင်မြင်မှုအသီးအပွင့်များကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်နိုင်မည်မှာ သေချာပါသည်။ ။

ဝင်းဇင်(သုတေသန)

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ကျိုင်းတုံတပ်နယ်အသင်းက ဒိုင်းဆုရရှိ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ဒိုင်းဆုရရှိသော ကျိုင်းတုံတပ်နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၂

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၁ ရက်နေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝိတ်တန်းအလိုက်ဗိုလ်လုပွဲပွဲစဉ်များယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုရရှိကြသူများ၊ ဝိတ်တန်းလိုက်ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသော ကျိုင်းတုံတပ်နယ်အသင်းနှင့်ဒိုင်အဖွဲ့ဝင်များအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၂၅ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ



နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။



နေပြည်တော် ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင်လ ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကို လည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၄ ကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၃၉၀ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၉၅၇ ဦး အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် အဆိုပါကျောင်းများ၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ဆယ်တင်ပေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကို တွေ့ရစဉ်။



တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးစဉ်။

နောင်ချိုမြို့၌ ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် အဆိုပါဒေသတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ လိုအပ်သည့်ပြုပြင်၊ ပြင်ဆင်တည်ဆောက်မှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ကြရာ ယနေ့တွင် ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရှိရသည်။

အဆိုပါ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တပ်မတော်မှတာဝန်ရှိသူများ၊ သက်ဆိုင်ရာခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများတက်ရောက်ကြပြီး တာဝန်ရှိသူများက ပြည်သူ့ဆေးရုံဆိုင်းဘုတ်အား အမွှေးနံ့သာရည်များပက်ဖျန်း၍ ဆေးရုံအားဖွင့်လှစ်ပေးသည်။ ထို့နောက် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ ဆေးဝါးကုသထားရှိမှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကြသည်။

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၊ နယ်မြေခံ တပ်နယ်/တပ်ရင်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်စေတနာရှင်များပူးပေါင်း၍ ပြည်သူ့ဆေးရုံအရေးပေါ်ဌာနနှင့် လူနာကုသဆောင်များ ပြုပြင်ခြင်း၊ ရွှေ့လျားခွဲစိတ်ခန်းတပ်ဆင်ပေးခြင်း၊ ရွှေ့လျားဓာတ်မှန်စက်နှင့် အာထရာဆောင်းစက်များ တပ်ဆင်ပေးခြင်းနှင့် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများထောက်ပံ့ပေးခြင်းတို့ကိုဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂ ရက် နံနက်ပိုင်းမှစ၍ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါပြည်သူ့ဆေးရုံအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်နေသည့်ကာလအတွင်းတွင်လည်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ဇူလိုင်လ ၂၀ ရက်မှ ဩဂုတ်လ ၁ ရက်အထိ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၆၉၅ ဦးအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ပြီး အသက် (၅) နှစ်အောက်ကလေး ၁၇၅ ဦးအား ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၏ ဇနီးက လက်ခံရယူစဉ်။

❖ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက် . . .

❖ မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီတည်ငြိမ် တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ် . . .

❖ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများကိုသိရှိအောင် လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့်သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင် ကြိုးပမ်း ဆောင်ရွက် . . .

❖ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်၊ တပ်မတော်သားများအားလုံး နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .

★ **ရှေ့ဖုံးမှအဆက်**

အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရန်၊ သစ်တောသယံဇာတများ တရားမဝင်ထုတ်ယူမှုမရှိစေရေး စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်/ဌာနချုပ်များအနေဖြင့် အချိန်အခါအလိုက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန် လိုကြောင်း၊ တပ်မတော်သားများသည် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်တာဝန်ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်မှပေးအပ်သည့် တာဝန်များကို စဉ်ဆက်မပြတ်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာထိခိုက်လာမှုအပေါ် တပ်မတော်မှကျားကူတက်ကျားခဲ ကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိခါစက ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး စီးပွားရေးလုပ်ငန်းများတွင်လည်း ပုဂ္ဂလိကပိုင်းဆိုင်ရာများတွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများပျက်ပြားလာခဲ့ကြောင်း၊ ပြည်ပနိုင်ငံများက အားပေးကူညီလုပ်ဆောင်ခဲ့သည့် မှောင်ခိုစီးပွားရေးများကြောင့်လည်း ပြည်တွင်းစီးပွားရေးကို ထိခိုက်ကျဆင်းစေခဲ့ပြီး တိုင်းပြည်၏သယံဇာတများကိုလည်း ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲမှုများ များပြားကြောင်း၊ အလားတူ ရာသီဥတုဖောက်ပြန်မှုများကြောင့်လည်း စားရေရိက္ခာများရှားပါးမှု ပြဿနာများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်မှစတင်၍ နိုင်ငံအတွင်း အခက်အခဲအကျပ်အတည်းများဖြစ်ပေါ်လာခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်တာဝန်များ

ကို ထမ်းဆောင်ခဲ့ရကြောင်း။

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကိုရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့်တိုင်းပြည်ကိုအကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လိုကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက်အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများနည်းပါးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အားလုံးတစ်ပြေးညီ ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ၏အနှစ်သာရကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့များအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရသက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ သို့သော်အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပြင်ပမှသွေးထိုးပေးမှုများကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်းမရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်မှ နိုင်ငံ့တာဝန်ယူခဲ့သည့်အချိန်တွင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်မှုများရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပညာရေးပိုင်းဆိုင်ရာ အားနည်းချက်များရှိခြင်း၊ နိုင်ငံအတွင်း ပညာတတ်များပေါများကြွယ်ဝပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူများ၏ သွေးထိုးလှုံ့ဆော်ခြင်းများကြောင့် နိုင်ငံတော်၌ ပညာရေးအားနည်းမှုများဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ အတန်းပညာရှိမှသာ အတတ်ပညာများပိုမိုတတ်မြောက်လာမည်ဖြစ်ပြီး မိမိတို့ဘဝတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏သားသမီးများ ပညာတတ်လူငယ်များဖြစ်စေရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာအတန်းအလိုက် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရ NLD အစိုးရသက်တမ်းကာလတွင် တပ်မတော်ကို မုန်းတီးစေသည့် ရေးသားပြောဆိုမှုများလှုံ့ဆော်မှုများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ အောင်မြင်အောင်ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်က ဆုတ်ယုတ်ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများလုပ်ဆောင်ပြီး ၎င်းတို့ပါတီအာဏာရရှိရေး ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါမဲမသမာမှုအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် မိမိတို့အနေဖြင့် အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှုမရှိသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ကျန်းမာရေးအခြေအနေများကို ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီ တည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများကို သိရှိအောင်လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည့် တပ်မှူးဖြစ်အောင် ပီပီပြင်ပြင်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏သက်သာချောင်ချိရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးများနှင့် ဥများကို ပြင်ပသို့သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းကြောင့် ဈေးကွက်တည်ငြိမ်မှုကို တတ်နိုင်သမျှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိနယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။


ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing rides Nay Pyi Taw-Yangon passenger express train together with people, inspects maintenance and preservation of ancient Ketumati city of Taungoo, Bago Region





Senior General Min Aung Hlaing hears a plan to build new Taungoo Railway Station.

NAY PYI TAW August 2

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by Joint Executive Chief General Ye Win Oo of the National Defence and Security Council and officials, today inspected maintenance and preservation of ancient cultural heritage sites in ancient Ketumati city, Taungoo, Bago Region.

The Senior General inspected agricultural activities residential areas on his way of the Yangon-Mandalay Highway from Nay Pyi Taw to Taungoo.

Exploration and preservation of ancient cultural heritages in ancient Ketumati city of Taungoo

On arrival in Taungoo, the Senior General and party inspected Yodaya Gate in the eastern wall, excavation and maintenance of the part of the western wall, the water moat, and the outer circular way of the wall in ancient Ketumati city. After hearing the reports submitted by Bago Region Chief Minister U Myo Swe Win and officials from the Department of Archaeology and National Museum, the Senior General gave guidance that strenuous efforts must be made to successfully conduct excavation of the ancient wall and the moat of ancient Ketumati city of Taungoo established by King Mingyi Nyo (AD 1485-1531). It is necessary to explore the bridge leading to the ancient city and the bridge designs and build these structures in appropriate sites. Moreover, the Senior General stressed the need to move necessary ministerial buildings. And, cultural heritage sites set under the law must be preserved systematically, and left necessary instructions.



Senior General Min Aung Hlaing inspects plans for Ketumati Ancient City.

Progress of construction of Taungoo detour railway

At Toungoo railway station, the Senior General heard reports by Union Minister for Transport and Communications U Mya Tun Oo on facts about the axis of railway and railroads related to construction of the Taungoo detour railway, a plan to build new Taungoo railway station, setting the railway area and the motor road area leading to the railway station, soil-filling works and progress of the projects.

In his response, the Senior General gave guidance that emphasis must be placed on construction of the quality railway and the new railway station in relevant procedures meeting the set standards for long-term existence and left necessary instructions.

Riding 8-down Nay Pyi Taw-Yangon DEMU passenger express train together with passenger people

Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla and entourage rode the 8-down Nay Pyi Taw-Yangon DEMU passenger express train which left Nay Pyi Taw Railway Station, together with passenger people from Taungoo railway station to Yangon Railway Station.

On the way, the Senior General viewed maintenance works for strengthening of railway sections, situations on riding of

See Page - 19 ►►

►► From Page -18

passenger people in carriages, services of Myanma Railways for the people to conveniently make relevant trips, agricultural activities along both sides of the railway, and development of urban and rural areas. Officials reported on these development activities.

In giving guidance over the reports, the Senior General stressed the need to continuously carry out strengthening and systematic operations of railways. Proper landscape and drainage activities must be arranged along both sides of the railways. It is necessary to reclaim systematic farmlands along both sides of the railways. Emphasis must be placed on keeping station yards and station buildings neat and tidy. Small forests must be established in the railway areas to be green and beautified. Efforts must be made to give services to convenience of train passengers, attract internal and international travelers and secure reliance of people over the rail transport as the public transportation.

The Senior General warmly greeted and interacted with the passengers who travelled along with him on the train journey.

The Senior General, his wife and party arrived at Yangon Railway Station where they cordially greeted staff members of Myanma Railways.

Operation of Yangon-Nay Pyi Taw and Nay Pyi Taw-Yangon DEMU passenger express trains started on Yangon-Nay Pyi Taw railway section on 28 February 2025. The trains take some five and a half hours along the trip. Running of these new trains help passenger people along their routes reach relevant destinations in a short time conveniently and cost-effe ctively. **100**

■■ From Page - 21

appeared and in the business sphere, restrictions on the private sector created disagreements. In the administrative field also, unity disintegrated. Alien abetted black market had hit the domestic economy hard, and the illegal business of smuggling resources out of the country came to rise. In addition, climate change caused food insufficiency. Henceforth, the internal hardships of the country further grew till the Tatmadaw restored the State functions in 1988.

After the successful completion of the endeavours for steering the country towards multiparty democracy as aspired by the people, the Tatmadaw wrote the 2008 Constitution, held a referendum and introduced a multiparty democracy system in 2010. It made continuous efforts to further reinforce the system.

Regarding the economy, it is essential to have a market-oriented economic system that benefits both the public and the country. The government is actively encouraging economic activities that produce widespread public benefits over those that serve a single individual. Tatmadaw is working for the stability and peace of the nation. It must work to reduce political and ethnic differences in opinion. By acting in a uniform manner, the essence of democracy can be brought to fruition. Efforts were made during the first democratic government term in 2010 to bring all armed groups on the path to peace, and the Nationwide Ceasefire Agreement (NCA) was signed. However, some ethnic armed groups have not come to the path of peace due to external instigation. Armed conflicts have led to weaknesses in the education, health, and economic sectors. Therefore, we are continuing to strive for lasting peace throughout the country.

After 1988, while Tatmadaw assumed state duties, efforts were made to improve the education sector. However, due to various reasons and incitement by those who did not want the country to develop and have an abundance of educated people, educational weaknesses persisted. Regarding the enhancement of education, it was stated that school level education is essential for acquiring more advanced skills and enabling individuals to improve their lives. Therefore, it is necessary for everyone to cooperate and strive to ensure our children become educated youths. Similarly, efforts must be made to prevent a decrease in the pass rate. An abundance of educated individuals will enable a nation to more effectively carry out national development. A greater number of well-educated youths with higher-level thinking and foresight can also contribute to the nation's peace and stability.

Direct or indirect hate speech and instigation against the Tatmadaw was published during the term of the second democratic government (NLD). Similarly, the country suffered setbacks in all aspects due to failures in respective sectors including the economic and administrative sectors. The party sought to retain power by vote rigging in the 2020 multiparty democracy general election. Although the Tatmadaw warned the party to solve the vote rigging issues in accordance with the law repeatedly, it failed to do so and the Tatmadaw had to assume the responsibilities of the State.

Measures must be taken for equitable political, ethnic and economic development of the country and stable friendly relations with neighbouring countries and the international community. All Tatmadaw personnel are required to study and review the history of the country correctly to contribute to the interests of the country. It is necessary for all Tatmadaw personnel to make continued efforts to be troops that are capable of performing national defence duties.

In connection with the welfare of personnel, agriculture and livestock breeding tasks owned by battalions must be carried out correctly and fulfill the needs of officers, other ranks and families. Contributions can be made as much as possible to market stability by distributing meat, fish and eggs produced by agriculture and livestock breeding farms owned by battalions at reasonable prices to civilians. Plans are underway to hold a multi-party democracy general election and all personnel are urged to make concerted efforts for national development from respective capabilities.

Then, the Senior General presented foodstuffs for officers, other ranks and families of the station to the commander of the regional command and the wife of the Senior General presented cash rewards for the Maternal and Child Welfare Association of the station to the wife of the commander of the regional command.

After the meeting, the Senior General and wife and party cordially greeted the officers, other ranks and families who attended the meeting.

Then, the Senior General warmly inquired about injuries and recovery of officers and other ranks, who sustained injuries during the performance of national security and defence duties, one by one and spoke words of sympathy before attending to the needs based on their reports.

Afterward, the Senior General asked about the needs of the hospital and attended to the needs.

Similarly, the wife of the Senior General inquired about the health of families of officers and other ranks who were receiving medical treatments at the hospital and spoke words of sympathy to them before presenting foodstuffs to them. **100**



Senior General Min Aung Hlaing warmly asks after the health of a patient.

KhinU Township grows over 16,000 acres of rain-fed pigeon peas

KHINU August 2

More than 16,000 acres of pigeon peas have been planted in KhinU Township, Shwebo District, Sagaing Region in this year rain crops planting season, according to the Departmentof Agriculture for KhinU Township.

During the 2025-2026 rain crops planting season, KhinU Township is planning to plant 20,626 acres of pigeon peas, and planting has begun since May this year, and 16,995 acres have been planted to date.

"This year, KhinU Township is planning to plant more than 20,000 acres of pigeon peas in this year rain crops planting season. More than 16,000 acres have been planted to date. We are continuing to plant. We are working to ensure that the target acres are met. We are also working to improve the yield of pigeon peas. We plant pigeon peas separately and as an inter-crop," said U Ne Win Naing, head of the Departmentof Agriculture for KhinU Township.

SK

US congressman demands Soros testify over Russiagate plot against Trump

WASHINGTON August 2

US Representative Tim Burchett has formally requested that billionaire financier George Soros and his associate Leonard Benardo, senior vice president at the Open Society Foundations (OSF), testify before Congress regarding their alleged involvement in the 2016 "Russiagate" affair targeting Donald Trump.

In a letter sent Friday to House Oversight Committee Chairman James Comer (R-Kentucky), Rep. Burchett (R-Tennessee) urged the panel to call Soros and Benardo to a public hearing and to subpoena them if they refuse to appear voluntarily.

The request follows the declassification of documents by Director of National Intelligence Tulsi Gabbard and the Senate Judiciary Committee, which reportedly link Soros's OSF to a broader effort to discredit Trump's presidential campaign and derail his first term in office.

"As you know, DNI Tulsi Gabbard recently declassified evidence of a conspiracy by former President Obama, Hillary Clinton, and the national security apparatus to manufacture and politicize intelligence to subvert President Trump and the will of the American people," Burchett wrote. "Included in this evidence is a concerning email allegedly from Leonard Benardo… plotting to discredit the incoming Trump Administration."

Burchett emphasized the OSF's ongoing influence in US elections and said the American public deserves answers. "Should they refuse the invitation, I encourage you to use subpoena powers. Americans deserve answers into the subversion of our institutions by malicious actors," he added.

The newly declassified 29-page annex to Special Counsel John Durham's 2023 report, released this week by the Senate Judiciary Committee, alleges that the Clinton campaign, with help from OSF-linked figures, concocted the narrative of Russian interference to damage Trump politically. Emails attributed to Benardo reportedly detail efforts to disseminate unverified claims through FBI-adjacent tech firms like CrowdStrike and various media outlets.

RT

Malaysian King Ibrahim to pay historic first visit to Russia

MOSCOW August 2

Malaysian Supreme Head of State, Sultan Ibrahim will visit Russia from August 5-10 and will hold talks with Russian President Vladimir Putin, the Kremlin said.

The Malaysian leader will hold talks with the Russian president on August 6.

During the talks the leaders will discuss the development of the relations between Russia and Malaysia, as well as relevant topics of regional and international agenda, the Kremlin added.

This will be the historic first state visit of a Malaysian monarch to Russia. **Sputnik**

Joint aid airdrops conducted in Gaza



JERUSALEM August 2

Several countries, including Jordan, Egypt, Germany, the United Arab Emirates (UAE), France and Spain, on Friday executed joint airdrops in Gaza, delivering humanitarian aid into the enclave.

The Israel Defence Forces (IDF) said in a statement that 126 aid packages were airdropped to Gaza, for the first time with the participation of Germany, Spain, and France.

According to the IDF, the three countries joined the ongoing cooperation between Israel, Jordan, Egypt, and the UAE in the aid airdrop operation.

The IDF noted it will continue to work to improve the humanitarian response in Gaza, along with the international community, while refuting the "false claims" of deliberate starvation in Gaza.

Meanwhile, the Jordanian Armed Forces said in a statement that it sent humanitarian aid including food and infant formula into Gaza in coordination with several international partners.

The operation airlifted some 57 tons of critical supplies using aircraft from Jordan, Germany, the UAE, France and Spain, bringing the total delivered into Gaza since last week's resumption of missions to roughly 148 tons, said the statement.

Earlier on Friday, Palestine's official news agency WAFA reported that since dawn, 24 Palestinians have been killed by Israeli forces in several incidents in Gaza, including five who were seeking humanitarian aid.

Xinhua

'We'll see what happens' - Trump plans to talk to Putin in near future

WASHINGTON August 2

US President Donald Trump, when asked about a potential conversation with Russian President Vladimir Putin in the near future, did not provide a clear answer but indicated that some meetings are planned in the meantime, adding that it remains to be seen what comes next.

"We'll see what happens. we're going to have some meetings," Trump told reporters when asked if he plans to talk to Putin before August 8.

Sputnik

Mortar shell blast kills 5, injures 13 in NW Pakistan

ISLAMABAD August 2

A mortar shell blast killed five children and injured 13 others in Pakistan's northwest Khyber Pakhtunkhwa Province on Saturday morning, police sources said.

The incident happened at about 9:30 a.m. local time (0430 GMT) in Lakki Marwat District of the province when a group of children, while playing in the nearby mountainous area, found an unexploded mortar shell, police sources told Xinhua.

The device went off as the children began tampering with it, resulting in multiple casualties, including five fatalities, the sources added.

Rescue teams shifted the injured to a nearby hospital for medical treatment.


The sources said an investigation has been launched to trace the origin of the explosive device.

Xinhua

Eight dead, 3 missing in N. Vietnam's flash floods

HANOI August 2

Eight people have died and three others remain missing following flash floods and landslides in recent days in Vietnam's northern province of Dien Bien, Vietnam News Agency reported Saturday.



As of 6 a.m. Saturday, around 60 houses had been swept away or damaged by floodwaters, according to the Vietnam Disaster and Dyke Management Authority.Thirty villages remain isolated due to disrupted traffic.

Nearly 700 personnel, including police, military forces, local militia and members of various mass organizations, have been deployed to search for the missing.

During a field visit to Xa Dung commune on Saturday morning, Vietnamese Deputy Prime Minister Tran Hong Ha urged local authorities to act swiftly to ensure that no resident is left hungry, cut off for extended periods, or without access to information.

He emphasized that the safety of both rescue workers and flood-affected residents must be guaranteed under all circumstances. **Xinhua**

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander- in-Chief of Defence Services Senior General Min Aung Hlaing inspects measures for security in Southern Command HQ area, meets families of the station

NAY PYI TAW August 2

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by senior military officers from the Office of the Commander-in-Chief, inspected measures taken for regional security in Southern Command Headquarters area and met with families of the station this morning.

The Senior General and party arrived at the command HQ, and heard a report on ongoing measures for security, peace and stability in the command area, formation of public security teams for peace and stability, and welfare programs for officers, other ranks and families, presented by the Command Commander Maj-Gen Kyi Thaik at the meeting hall.



Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of a station in Southern Command.

In response, the Senior General gave guidance on the effectiveness of the measures for security, peace and stability in the area, elimination of illegal extraction of forest resources through systematic supervision, systematization of the unit-owned farming activities for families' welfare programs, effectiveness of the task to produce beneficial results and other matters.

Afterward, the Senior General delivered an address at the meeting with officers, other ranks and families of the station at the Aye-chan-phyo Hall.

Also present were Daw Kyu Kyu Hla, wife of the Senior General, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, and senior military officers from the Office of the Commander-in-Chief and wives.

In his speech, the Senior General said units/HQs should continuously carry out tasks that are necessary to do at a specific time. Tatmadawmen joined the Armed Forces of their own accord. As they are soldiers, they must always shoulder the duties assigned to them by the Tatmadaw. After the nation regained independence, political and ethnic disagreements occurred, followed by the internal armed strife that harmed the sovereignty. In this regard, the Tatmadaw had to protect sovereignty through arduous efforts. It gave priority to the perpetuation of sovereignty throughout the successive periods.

The country practiced a parliamentary system in the early post-independence period, and later, it adopted a centralized system under socialism. At that time, political differences

See Page - 19 ■■



Senior General Min Aung Hlaing cordially converses with officers, other ranks and families.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

လျှပ်စစ်စွမ်းအင်သုံး GLC ကိုထုတ်ဖော်ပြသလာမယ့် Mercedes-Benz



Mercedes-Benz ဆိုတာ ကမ္ဘာကျော်တဲ့ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ တစ်ခုဖြစ်တယ်ဆိုတာ အားလုံးအသိပါ။ ဒီနောက်ပိုင်းမှာ Mercedes-Benz ရဲ့ဂုဏ်သိက္ခာကို ပိုမိုထိန်းသိမ်းပေးလာတဲ့အရာက ဓာတ်ဆီစွမ်းအင်သုံး GLC ပါပဲ။ GLC က Mercedes-Benz ကုမ္ပဏီရဲ့ ထိပ်တန်းရောင်းအားအကောင်းဆုံး ကားအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့တာပါ။ သူက Mercedes-Benz ကို ပိုမိုကျော်ကြားအောင်လုပ်ပေးခဲ့တာဆိုရင် လည်းမမှားပါဘူး။

အခုတော့ Mercedes-Benz ကုမ္ပဏီက သူတို့ရဲ့ ကျော်ကြားမှုကို လျှပ်စစ်စွမ်းအင်သုံးမော်တော်ကား တွေဆီဦးလှည့်လာပါပြီ။ ဒီလိုမျိုးဦးလှည့်လာချိန်မှာ သူတို့ရဲ့အရောင်းရဆုံးမော်တော်ကားဖြစ်တဲ့ GLC ကိုလျှပ်စစ်စွမ်းအင်သုံးကားအဖြစ် ပြောင်းလဲခြင်း အားဖြင့် ဦးလှည့်လာတာဖြစ်ပါတယ်။ ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာလုပ်တဲ့ IAA MOBILITY 2025 ပြပွဲမှာ Mercedes-Benz က သူတို့အနေနဲ့ဆန်းသစ်ထားတဲ့ လျှပ်စစ်စွမ်းအင်အပြည့်အဝသုံး GLC ကားများကို ထုတ်ဖော်မိတ်ဆက်ပြသသွားမှာဖြစ်ပါတယ်။ အဲဒီမှာ သူတို့ကပဲ ပွဲကိုဦးဆောင်သွားမယ့်အခြေအနေရှိပါတယ်။

တကယ်တော့ ဈေးကွက်ထဲမှာ နာမည်ရပြီးသား၊ အောင်မြင်ပြီးသားကားတစ်စီးကို လျှပ်စစ်စွမ်းအင်သုံးကားအဖြစ်ပြောင်းလဲပြီး ဈေးကွက်ပြန်တင်ဖို့ဆိုတာ သိပ်ကိုကြီးမားတဲ့အလောင်းအစားတစ်ခုပါ။ ဒါပေမဲ့ Mercedes-Benz ကုမ္ပဏီကတော့ သူတို့ရဲ့ အခုမော်ဒယ်အသစ်ဟာ သူ့ရဲ့အမှတ်တံဆိပ်အတွက် မျက်နှာသစ်ဖြစ်တဲ့အပြင် ခိုင်မာတဲ့လျှပ်စစ်စွမ်းအင် သုံးအနာဂတ်ဆီ ဦးတည်လျှောက်လှမ်းသွားမှာဖြစ် တယ်လို့ ဆိုထားပါတယ်။

Mercedes-Benz ကုမ္ပဏီက သူတို့အနေနဲ့လျှပ် စစ်စွမ်းအင်သုံးကားများစွာကိုလည်း ထုတ်လုပ်ထား ပြီးပါပြီ။ ဒါကြောင့် အခုပွဲမှာ အလုံးစုံအသစ်အဆန်း ဖြစ်တဲ့ CLA အမျိုးအစားမော်တော်ကားကိုလည်း ထုတ်ဖော်ပြသသွားမှာဖြစ်ပါတယ်။ IAA MOBILITY 2025 ပြပွဲကိုတော့ စက်တင်ဘာလ ၉ ရက်မှ ၁၄ ရက် အထိကျင်းပသွားမှာဖြစ်ပါတယ်။

Ref: AE
ကိုထက်

Tesla က အသေးစား Cybertruck ကို ထုတ်လုပ်ဖို့ စဉ်းစားလာနေ



Tesla ဆိုတာ လျှပ်စစ်စွမ်းအင်သုံးကားများ ကိုထုတ်လုပ်ခြင်းဖြင့် နာမည်ကျော်ကြား လာတဲ့ကုမ္ပဏီဖြစ်ပါတယ်။ သူ့ကုမ္ပဏီက မကြာသေးခင်ကပဲ Cybertruck ဆိုတဲ့ကားကိုထုတ် လုပ်ထားပါတယ်။ Cybertruck ဆိုတာ အကြမ်းခံ တဲ့ကားအမျိုးအစားပါ။ သူ့အတွက်စွမ်းအင်ကိုလည်း လျှပ်စစ်စွမ်းအင်ကိုသာ အသုံးပြုပေးထားတာဖြစ်ပါ တယ်။

အခုချိန်မှာ Tesla က အသေးစား Cybertruck ကိုထုတ်လုပ်ဖို့အတွက် ပြင်ဆင်လာနေတယ်ဆိုပြီး သတင်းတွေလည်း ထွက်ပေါ်လာနေပါတယ်။ ဘာ ကြောင့်လဲဆိုရင် Tesla ရဲ့အင်ဂျင်နီယာချုပ် လားစ မိုရာဘီက သူတို့အနေနဲ့ အသေးစားပစ်ကပ်ကားကို ထုတ်လုပ်ဖို့အတွက် အမြဲတမ်းစဉ်းစားနေခဲ့တာဖြစ် ကြောင်း၊ နောက်ပိုင်းကျရင် အဲဒီလိုကားတွေကိုလူမဲ့ တက္ကစီလိုမျိုးဖန်တီးသွားမှာဖြစ်တဲ့အတွက် ဒါဟာ ခရီးသွားလာသူပြည်သူတွေအတွက်ကိုသာမက ကုန် ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက်လည်း သိပ်ကို အသုံးတည့်စေမှာဖြစ်တယ်လို့ ဆိုထားတာကြောင့် ပါပဲ။

လက်ရှိအချိန်မှာတော့ Cybertruck ကားတွေက အရောင်းထိုင်းနေတယ်လို့ဆိုရမှာပါ။ ဒါကြောင့်လည်း Tesla အနေနဲ့ အသေးစား Cybertruck တွေကိုထုတ် လုပ်မယ်ဆိုရင် နည်းစနစ်ပိုင်းဆိုင်ရာပြောင်းလဲမှု တွေကို မလွဲမသွေလုပ်ဆောင်ဖို့လိုမှာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲမှုထဲမှာ လက်ရှိ Cybertruck တွေနဲ့ မတူဘဲ အမှန်တကယ်လက်တွေ့အသုံးတည့်မှုကို ဦးစားပေးလာနိုင်တယ်လို့ ခန့်မှန်းရပါတယ်။

အကယ်၍များ ခန့်မှန်းထားတဲ့အတိုင်းထွက်ပေါ် လာတယ်ဆိုရင်တော့ အသေးစား Cybertruck ကား က Tesla ကုမ္ပဏီအတွက်ဝင်ငွေရှာပေးမယ့် ကား တစ်စီးဖြစ်လာမှာအသေအချာပါပဲ။ လက်ရှိအချိန် မှာတော့ အသေးစား Cybertruck ကိုထုတ်လုပ်ဖို့ အတွက် Tesla ရဲ့အင်ဂျင်နီယာအဖွဲ့က ဆွေးနွေးမှု တွေလုပ်နေဦးလို့ ယူဆရပါတယ်။

Ref: AE
ကိုထက်

ဒေါ်လာ ၂၅၀၀၀ တည်းနဲ့စတင်ရောင်းချမယ့် Onvo L90 SUV

Nio ဆိုတာ တရုတ်နိုင်ငံမှာ လူကြိုက်များတဲ့ လျှပ်စစ်စွမ်းအင်သုံးကားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ အဲဒီကားကုမ္ပဏီ ရဲ့လက်ခွဲတစ်ခုဖြစ်တဲ့ Onvo က L90 အမျိုးအစား SUV ကားတွေကို ထုတ်လုပ်ရောင်းချသွားတော့မှာ ဖြစ်ပါတယ်။ SUV ဆိုတဲ့အတိုင်းပဲ မိသားစုများတဲ့ သူတွေအတွက် အဆင်ပြေတဲ့ကားတစ်စီးဖြစ်လာ မှာဖြစ်ပါတယ်။ ဒါ့အပြင် သူ့မှာစိတ်အဝင်စားဆုံး အချက်တစ်ချက်က ဈေးနှုန်းမှာ သူများတွေထက် နည်းပါးနေခြင်းဖြစ်ပါတယ်။ သူ့ရဲ့သတ်မှတ် ဈေးနှုန်းက အမေရိကန်ဒေါ်လာ ၂၅၀၀၀ သာရှိပါ တယ်။ ဒါဟာ ဥရောပဒေသမှာ ရောင်းချနေတဲ့ Renault 5 ထက်တောင်မှ ဈေးသက်သာနေတာ ပါ။

အလျားအားဖြင့် ၅၁၄၅ မီလီမီတာ၊ ဖြတ် ၁၉၉၈ မီလီမီတာ၊ အရှည် ၁၇၈၆ မီလီမီတာရှိတာကြောင့် တကယ့်ကိုအရွယ်အစားကြီးမားတဲ့ SUV အပြည့် ဆိုဒ်ဖြစ်ပါတယ်။ ဒီအရွယ်အစားအရကြည့်မယ် ဆိုရင် ကားရဲ့အတွင်းခန်းက သိပ်ကိုကျယ်ဝန်းမှာ ဖြစ်ပြီး ထိုင်ခုံခြောက်လုံး သို့မဟုတ် ခုနစ်လုံးအထိ ထည့်သွင်းထားနိုင်ပါတယ်။

သူ့မှာနောက်ထပ်လူပြောများနေတဲ့ အားသာချက် တစ်ခုက ရှေ့ဘောနက်ဖုံးဟာကုန်ပစ္စည်းတွေထည့် တဲ့နေရာဖြစ်နေခြင်းဖြစ်ပါတယ်။ အရွယ်အစားအား ဖြင့် လီတာ ၂၄၀ အထိရှိပါတယ်။ ဒါကြောင့် အဲဒီထဲ မှာ လက်မ ၃၀ ရှိတဲ့အဝတ်အစားသေတ္တာကိုထည့် နိုင်မယ်လို့ ကုမ္ပဏီကပြောပါတယ်။ အတွင်းပိုင်းမှာ ဆိုရင်လည်း လိုက်ပါစီးနင်းသူတွေ သက်သောင့် သက်သာဖြစ်မှုကို ဦးစားပေးထားတာတွေ့ရပါတယ်။ သာမန်အားဖြင့် SUV တွေရဲ့နောက်ဆုံးခုံတန်းက ကျဉ်းကျဉ်းကျပ်ကျပ်ရှိပေမယ့် ဒီမှာကျတော့ အမြင့် က ၉၆၂ မီလီမီတာရှိတဲ့အပြင် နောက်ကိုလည်း ၃၈ ဒီဂရီအထိလှန်ချနိုင်တာကြောင့် ခရီးဝေးတွေမှာ တောင် သက်သောင့်သက်သာအနေအထားကို ဖြစ်စေမှာပါ။

Ref: AE
ကိုထက်



အင်ဒိုနီးရှား၌ လီဝိုတိုဘီလာကီလာကီမီးတောင်ပေါက်ကွဲမှုဖြစ်ပွား မီးတောင်ပြာများကို ၁၈ ကီလိုမီတာအမြင့်အထိမှုတ်ထုတ်



ဂျကာတာ၊ သဘာဝဘေး

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း နူဆာတန်းဂါရာပြည်နယ်ရှိ လီဝိုတိုဘီလာကီလာကီမီးတောင်သည် ဩဂုတ်လ ၁ ရက်ညပိုင်းနှင့် ၂ ရက်နံနက်ပိုင်းတို့တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်းနှင့် မီးတောင်ပြာများကို ၁၈ ကီလိုမီတာအမြင့်အထိမှုတ်ထုတ်ကြောင်း ဒေသတွင်းတာဝန်ရှိသူများကပြောသည်။

ပထမအကြိမ် မီးတောင်ပေါက်ကွဲမှုကို ဩဂုတ်လ ၁ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ပြာများကို ၁၀ ကီလိုမီတာအမြင့်အထိမှုတ်ထုတ်ကြောင်း၊ ဒုတိယအကြိမ်မီးတောင်ပေါက်ကွဲမှုမှာ ဩဂုတ်လ ၂ ရက်နံနက် ၁ နာရီ ၂၆ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်ကာ ပြာများကို ၁၈ ကီလိုမီတာအမြင့်အထိမှုတ်ထုတ်ကြောင်း မီးတောင်နှင့်ဘူမိအန္တရာယ်လျော့ပါးရေးစင်တာ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မီးတောင်ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် ဒေသခံများနှင့်ခရီးသွားများအနေဖြင့် မီးတောင်အဝမှ အချင်း ၆ ကီလိုမီတာပတ်လည်တွင်နေထိုင်ခြင်းမပြုရန် တာဝန်ရှိသူများကတိုက်တွန်းထားသည်။

အလားတူ ကျေးရွာများရှိပြည်သူများအနေဖြင့်လည်း မိုးရွာသွန်းမှုများဖြစ်ပွားနေသည့်အတွက် အဆိုပါမိုးနှင့်အတူ မီးတောင်ပြာမှုန်များရောစွက်ရွှံ့ရည်ဖုံးလွှမ်းမှုများဖြစ်ပွားနိုင်ကြောင်းနှင့် ပြည်သူများအနေဖြင့် မီးတောင်ပြာမှုန်များကိုမရှူမိစေရေးအတွက် နှာခေါင်းစည်းများကိုတပ်ထားရန် တာဝန်ရှိသူများကအကြံပြုသတိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။

Ref: Xinhua

ကမ္ဘာ့ပညာရေးအဆင့်အတန်းကျဆင်းလာသည့်အတွက် ဖင်လန်ကျောင်းသားများ မိုဘိုင်းဖုန်းအသုံးပြုခွင့်မရှိတော့

ဟယ်ဆင်ကီ၊ ပညာရေး

ကမ္ဘာ့ပညာရေးအဆင့်အတန်းမြင့်မားသော ဖင်လန်နိုင်ငံရှိစာသင်ကျောင်းများသည် ယခုအခါ ကမ္ဘာ့အဆင့်ကျဆင်းလာသည့်အတွက် ကျောင်းသားများအနေဖြင့် စာသင်ကျောင်းများတွင် မိုဘိုင်းဖုန်းအသုံးပြုခွင့်မရှိတော့ကြောင်းသိရသည်။

ဖင်လန်နိုင်ငံအစိုးရသည် ပြင်ဆင်ထားသည့် အခြေခံပညာရေးဥပဒေကို ဧပြီလတွင် အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဩဂုတ်လ ၁ ရက်တွင် စတင်အသက်ဝင်လာပြီဖြစ်သည်။ ထိုဥပဒေတွင် အသက်ခုနစ်နှစ်မှ ၁၆ နှစ်အထိကျောင်းသားများအနေဖြင့် အတန်းတက်နေစဉ်အချိန်အတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုကို တားမြစ်ထားသည်။

ထို့ပြင် စာသင်ခန်းများတွင် မိုဘိုင်းဖုန်းများ၊ အခြားမိုဘိုင်းကိရိယာများကို သင်ယူရေးအတွက်အသုံးပြုလိုပါက တာဝန်ကျဆရာ၏ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း ဥပဒေတွင်ဖော်ပြထားသည်။



တစ်ချိန်တည်းမှာပင် အမျိုးသားပညာရေးဌာနသည် ကျောင်းသားများဖုန်းသုံးစွဲမှုကို ဥပဒေတွင်ဖော်ပြထားမှုထက် ထမင်းစားချိန်၊ ခေတ္တနားချိန်တို့တွင်လည်း ဖုန်းကိုအသုံးပြုခွင့်မပေးရေး အစရှိသည်ဖြင့် စည်းမျဉ်းများကိုပိုမိုတင်းကျပ်စွာချမှတ်ရန် တောင်းဆိုထားကြောင်းသိရသည်။

Ref: TST

ပိုလန်က တောင်ကိုရီးယားမှ ဒေါ်လာ ၆ ဘီလီယံခွဲတန်ဖိုးရှိ K2 တင့်များဝယ်ယူ

ဆိုး၊ ကာကွယ်ရေး

ပိုလန်နိုင်ငံသည် တောင်ကိုရီးယားမှ အမေရိကန်ဒေါ်လာ ၆ ဘီလီယံခွဲတန်ဖိုးရှိသည့် K2 တင့်များဝယ်ယူမှု သဘောတူစာချုပ်ကို ဩဂုတ်လ ၁ ရက်တွင် လက်မှတ်ထိုးလိုက်ကြောင်းသိရသည်။

ပိုလန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံမှ ယခုဝယ်ယူမှုသည် ဒုတိယမြောက်ဖြစ်ပြီး တောင်ကိုရီးယား ကာကွယ်ရေးကုမ္ပဏီ တစ်ခုအနေဖြင့် တန်ဖိုးအကြီးဆုံးစစ်လက်နက်ပစ္စည်းတင်ပို့ရမှုဖြစ်လာသည်။

အဆိုပါသဘောတူညီချက်အရ ပိုလန်နိုင်ငံသည် တောင်ကိုရီးယားမှ K2 တင့် အစီးရေ ၁၈၀ နှင့်အတူ အခြားထောက်ပံ့ရေးယာဉ် ၈၁ စီးတို့ကိုလက်ခံရရှိမည်ဖြစ်သည်။

ထိုတင့်များအနက် ၁၁၇ စီးကို တောင်ကိုရီးယားနိုင်ငံကထုတ်လုပ်မည်ဖြစ်ပြီး ကျန်ရှိသည့်တင့်များကို ပိုလန်နိုင်ငံပိုင် ကုမ္ပဏီက နည်းပညာရယူထုတ်လုပ်သွားမည်ဖြစ်သည်။

Ref: YH

သတင်းတိုကဏ္ဍ

ဖိလစ်ပိုင်၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် Leptospirosis ရောဂါဖြစ်ပွားနိုင်မှု သတိပေး

ပြီးခဲ့သည့်သီတင်းပတ်များအတွင်း အပူပိုင်းဆိုင်ကလုန်းများနှင့် အနောက်တောင်မုတ်သုံလေတိုက်ခတ်မှုတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပွားပြီးနောက် Leptospirosis ရောဂါဖြစ်ပွားနိုင်ခြေနှင့်ပတ်သက်၍ သတိပြုရန် ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၂ ရက်တွင်ကြေညာချက်တစ်ရပ်ထုတ်ပြန်ထားသည်။

Leptospirosis ရောဂါဖြစ်ပွားမှုသည် အသက်ကိုပင် သေဆုံးစေနိုင်ကြောင်း၊ ထို့ကြောင့် ရေထဲတွင် အချိန်များစွာကြာနေရပြီးနောက် ရောဂါလက္ခဏာများ ခံစားရပါက ဆရာဝန်နှင့်ပြသ၍ကုသမှု ခံယူသင့်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

Leptospirosis ရောဂါမှာ တိရစ္ဆာန်များ၏ဆီးမှတစ်ဆင့်ကူးစက်သည့်ရောဂါဖြစ်ပြီး အထူးသဖြင့် ညစ်ညမ်းနေသည့်ရေထဲတွင်အချိန်ကြာမြင့်စွာနေထိုင်ရခြင်းနှင့် ဆက်စပ်နေကြောင်းသိရသည်။

Ref: Xinhua

ဝီဖာမုန်တိုင်းကြောင့် လူပေါင်း ၂၃၀၀၀၀ ကျော် ဒုက္ခရောက်ဟု ထိုင်းအစိုးရထုတ်ပြန်

ပြီးခဲ့သည့်လတွင်တိုက်ခတ်သော အပူပိုင်းမုန်တိုင်းတစ်ခုဖြစ်သည့် ဝီဖာမုန်တိုင်းကြောင့် ထိုင်းနိုင်ငံ၌ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ပွားသည့်အတွက် လူခြောက်ဦးသေဆုံးပြီး လူပေါင်း ၂၃၀၀၀၀ ကျော်ဒုက္ခရောက်ရကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာတာဝန်ရှိသူများက ဩဂုတ်လ ၂ ရက်တွင်ထုတ်ပြန်ထားသည်။

ဇူလိုင်လ ၂၁ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ် ၁၂ ခုတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားကြောင်း၊ အထူးသဖြင့် နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင်ဖြစ်ကြောင်း သဘာဝဘေးလျော့ပါးရေးနှင့်ကာကွယ်ရေးဌာန၏ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် မိုးသည်းထန်စွာရွာသွန်းမှုဆက်လက်ဖြစ်ပွားနေသော်လည်း လာမည့်ရက်ပိုင်းအတွင်း မိုးနည်းသွားမည်ဟုခန့်မှန်းရကြောင်း ထိုင်းနိုင်ငံမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ ၂၀၁၁ ခုနှစ်တွင် ထိုင်းနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၅၀၀ ကျော်သေဆုံးထားကြောင်းသိရသည်။

Ref: AGC

အမေရိကန်၌ ၃၁ နှစ်ကြာအေးခဲနေရသည့်သန္ဓေသားလောင်း ကလေးငယ်အဖြစ်မွေးဖွား

အမေရိကန်နိုင်ငံ၌ ၃၁ နှစ်ကြာအေးခဲနေရသည့် သန္ဓေသားလောင်းသည် ယခုအခါ ကလေးငယ်အဖြစ်မွေးဖွားလာပြီဖြစ်ကြောင်းသိရသည်။ ယင်းသန္ဓေသားလောင်းကို ၁၉၉၇ ခုနှစ်ကတည်းက အေးခဲထားခြင်းဖြစ်ပြီး ယခုအခါ အမေရိကန်စုံတွဲတစ်တွဲက ထိုသန္ဓေသားလောင်းကို မွေးစားပြီးနောက် ကလေးငယ်အဖြစ်သို့ မွေးဖွားလိုက်ခြင်းဖြစ်သည်။

အဆိုပါသန္ဓေသားလောင်းကိုပိုင်ဆိုင်သူအမျိုးသမီးသည် ယခုအခါ အသက် ၆၂ နှစ်ရှိနေပြီဖြစ်ပြီး ၎င်းသည်ဖန်ပြွန်သန္ဓေသားနည်းဖြင့် သန္ဓေသားလေးခုကိုပိုင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

သို့သော် အိမ်ထောင်ရေးပြဿနာဖြစ်ပွားသည့်အတွက် သန္ဓေသားတစ်ခုကိုသာ မွေးဖွားလိုက်ပြီး ကျန်သန္ဓေသားများကို အေးခဲခြင်းနည်းလမ်းဖြင့် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် မွေးစားသူရှိလာသည့်အတွက် ယခုသန္ဓေသားကိုကလေးငယ်အဖြစ်မွေးဖွားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

Ref: TST

ဂျပန်၌ မြောင်းပေါက်အတွင်းသို့ပြုတ်ကျသည့် အလုပ်သမားလေးဦးသေဆုံး

ဂျပန်နိုင်ငံ ဆာအိတာမာဒေသရှိ ဂျိုဒါမြို့၌ ဩဂုတ်လ ၂ ရက်တွင် မြောင်းပေါက်အတွင်းသို့ပြုတ်ကျသည့် အလုပ်သမားလေးဦးသေဆုံးသွားကြောင်းသိရသည်။ ထိုအလုပ်သမားများသည် ရေဆိုးမြောင်းကိုစစ်ဆေးမှုများလုပ်နေစဉ် ယခုကဲ့သို့အဖြစ်ဆိုးနှင့်တွေ့ကြုံရခြင်းဖြစ်သည်။

စစ်ဆေးမှုလုပ်ဆောင်သည့် အလုပ်သမားတစ်ဦးသည် မြောင်းပေါက်အတွင်း သို့ဦးစွာပြုတ်ကျခြင်းဖြစ်သည်။ ထို့နောက် ကျန်သုံးဦးသည် ပထမပြုတ်ကျသူကို ကူညီကယ်ဆယ်ရန် ကြိုးပမ်းစဉ် ၎င်းတို့ပါ ပြုတ်ကျသွားခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ထိုအလုပ်သမားများကို မြောင်းပေါက်ထဲမှ ကယ်ဆယ်စဉ် ရုတ်တရက်နှလုံးရပ်နေသည့်အတွက် ဆေးရုံသို့ပို့ပေးလိုက်နိုင်သော်လည်း ယင်းအလုပ်သမားများသည် သေဆုံးသွားပြီဖြစ်ကြောင်း ဆေးရုံမှ တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။ ထိုမြောင်းများ၏အနက်သည် ၁၂ မီတာမှ ၁၅ မီတာကြားရှိကာ ဟိုက်ဒရိုဂျင်ဆာလဖိုက်ဓာတ်ငွေ့များကိုလည်း တွေ့ရကြောင်း သိရသည်။

Ref: TST

ရွှေကူမြို့နယ်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူ ၃ ဦး သေဆုံးပြီး ၆ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၂

အကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာနေထိုင်လျက်ရှိသောပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ၎င်းတို့အပေါ် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဩဂုတ်လ ၁ ရက်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရွှေကူမြို့အတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ရွှေကူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ "သိန်းကမ္ဘာ"သံတို/ သံစရောင်းဝယ်ရေးဆိုင်ရှေ့သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် အမှတ်(၁) ရပ်ကွက်နေ အခြေခံပညာအလယ်တန်းကျောင်း (ခုံခမ်း)မှ ကျောင်းသားများဖြစ်သော မောင်မျိုးသော်တာအောင်(၁၂)နှစ်၊ မောင်လင်းရဝေအောင် (၈)နှစ်နှင့် အမှတ်(၁)ရပ်ကွက်နေ ဦးအောင်ကျော်ဦး(၄၉)နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစဉ်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြသည့် အခြေခံပညာအလယ်တန်းကျောင်း(ခုံခမ်း)မှကျောင်းသားဖြစ်သူ မောင်ပိုင်ခန့်ကိုကို(၁၃)နှစ်၊ ဦးစိုးနိုင်ဦး(၄၁)နှစ်၊ ဒေါ်ခင်မာလွင်(၆၂)နှစ်၊ ဒေါ်ဝင်းသန္တာ(၂၆)နှစ်၊ မောင်ဝေယံမွန်(၁၅)နှစ်နှင့် ဒေါ်ခင်မြင့်(၃)ခင်ဦး(၅၃)နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစဉ်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့်အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်နေမှုများကြောင့် ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ပန်းတောင်းမြို့နယ်တွင် ရခိုင်ပြည်နယ်သို့သယ်ဆောင်မည့် ဒွေကျပ် ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်းဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂


ပန်းတောင်းမြို့နယ်တွင် ရခိုင်ပြည်နယ်သို့သယ်ဆောင်မည့် ဒွေကျပ် ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်းဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၂၁ ရက် ည ၉ နာရီခွဲတွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ပန်းတောင်းမြို့နယ် ပုသိမ်-မုံရွာလမ်း ရေကျော်ကျေးရွာလမ်းဆုံအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်း (၎င်းဒေသတန်ဖိုးဒွေကျပ် ၃ ဘီလီယံခန့်) ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်မှ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းနှင့်ပူးပေါင်းပါဝင်သူ ခင်မောင်လွင်တို့အား မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် မြို့ပတ်လမ်းရှိ နေအိမ်တွင်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများအား နေအိမ်၌ သိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့်သယ်ဆောင်ခဲ့သူ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်ရှိ ကိုကိုနိုင်၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မြတ်မင်းအား CANTER BOX ယာဉ်၊ MINICAB ယာဉ် ၂ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကြံခင်းမြို့မှ ပန်းတောင်းမြို့နယ်သို့ လီဖန်းမော်တော်ယာဉ်ဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ခဲ့သူ ကြံခင်းမြို့နယ် သဲဖြူကျေးရွာနေ စိုးမင်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခဲ့သည့် LIFAN အမျိုးအစား မော်တော်ယာဉ် ၁ စီးအား ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်မှ ရခိုင်ပြည်နယ်သို့သယ်ဆောင်ရောင်းဝယ်သူ တင်အောင်မိုး၏အစီအမံဖြင့် မင်းစည်သူနှင့် ဖိုးအေးတို့မှ ရန်ကုန်မြို့၌ ပန်းတောင်းမြို့နယ်နှင့် မင်းတုန်းမြို့နယ်ကြားရှိ နယ်စပ်သို့ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းထံလွှဲအပ်ခဲ့ပြီး ကျော်ကျော်ဝင်း၊ ကိုကိုနိုင်နှင့် မြတ်မင်းတို့သည် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်မြို့ရှိ ကိုကိုနိုင်၏နေအိမ်တွင် ခေတ္တသိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြောင်း၊ ကြံခင်းမှ ပန်းတောင်းသို့ LIFAN ယာဉ်ပိုင်ရှင် စိုးမင်းနှင့် ယာဉ်မောင်းတင့်ဆွေတို့မှ ဆက်လက်သယ်ဆောင်ခဲ့ကြပြီး ပန်းတောင်းမြို့နယ်မှတစ်ဆင့် ရဲနိုင်နှင့် မိုးထိတို့မှ ရခိုင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

မြဝတီ

ပန်းတောင်းမြို့နယ်၊ ပုသိမ်-မုံရွာကားလမ်းတွင် ဒွေကျပ် ၃ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်း ဖမ်းဆီးရမိမှုအား ကွင်းဆက်အဆင့်ဆင့် ဖော်ထုတ်ဆောင်ရွက်မှု



ရန်ကုန်မှ ညောင်တုန်း-ဓနုဖြူ-ဟသံတ-အင်္ဂပူ-မြန်အောင်လမ်းအတိုင်း၊ ကြံခင်းသို့ လည်းကောင်း၊ ကြံခင်းမှ ပန်းတောင်း-မင်းတုန်းလမ်းအတိုင်း ရခိုင်ပြည်နယ်သို့လည်းကောင်း သယ်ဆောင်ခြင်းဖြစ်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။



စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်သူ တရားခံ မြတ်မင်း၊ ကျော်ကျော်ဝင်းနှင့် ခင်မောင်လွင်တို့အား သယ်ဆောင်ယာဉ်များနှင့်အတူ တွေ့ရစဉ်။

မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်မွမ်းမံနေမှု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး



မန္တလေး ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားသော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်ထားမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်ငယ်-ထုံးဘို တိုးဂိတ်သို့ ရောက်ရှိပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်နှင့် အတူ မီးလောင်ပျက်စီးခဲ့သော မန္တလေးတက္ကသိုလ် ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းများအချိန်မီပြီးစီးရေး မှာကြားသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (မန္တလေး)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

မြဝတီ

ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ချီးမြှင့်

ဘားအံ ဩဂုတ် ၂

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ခွဲကပင်ခန်းမ၌ ကျင်းပသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဘားအံခရိုင်အတွင်းသို့ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်ပွဲသို့တက်ရောက်၍ ဘားအံခရိုင်အတွင်း ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စု ၉၅၉၀စု လူဦးရေ ၄၀၂၈၄ ဦးအတွက် ၂၀၂၅ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လသုံးလအတွက် တစ်ဦးလျှင်တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်သုံးလစာထောက်ပံ့ငွေကျပ် ၂၄၁၇၀၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။



အလားတူပြည်ထောင်စုဝန်ကြီးဌာနချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၁၀) မူလတန်းလွန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၇)မူလတန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၁)ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ယာယီရေဘေးကယ်ဆယ်ရေးစခန်းနှင့် အမှတ်(၅)ရပ်ကွက် Cyclone Shelter ရှိ ရေဘေးရှောင်အိမ်ထောင်စုများကို သွားရောက်တွေ့ဆုံအားပေးပြီး ဆန်ရိက္ခာဖိုးငွေနှင့် ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများပေးအပ်ချီးမြှင့်ကာ အဆိုပါရေဘေးစခန်းများတွင် စေတနာရှင် အလှူရှင်များ လာရောက်လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများကို ရေဘေးသင့်ပြည်သူများထံ ဝေငှပေးသည်။

ထို့နောက်ဘားအံမြို့အမှတ်(၉)ရပ်ကွက် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုဇောတအား ဖူးမြော်ကြည်ညိုး၍ အဆိုပါကျောင်းတိုက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိအိမ်ထောင်စုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ယနေ့အထိရေဘေးသင့်ပြည်သူများကို ထောက်ပံ့ထားရှိမှုအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာနှင့်ခေါက်ဆွဲခြောက်ဖိုးငွေကျပ် ၇၄၁၅၂၅၀ နှင့်ကရင်ပြည်နယ်အစိုးရအဖွဲ့မှငွေကျပ် ၉၉ သန်း ၃၉ သန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ထားရှိပြီး ဆက်လက်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မဲခေါင်-လန်ချန်းအကူအညီဖြင့်ဆောင်ရွက်မည့် အသိပညာပေးစင်တာနှင့်သိလှောင်ရုံတည်ဆောက်မည့်မြေနေရာကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ထားရှိသည့် လူငယ်စင်တာကို လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရိပ်သာအစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဘားအံမြို့ ရေကြီးရေလျှံမှုလျော့ပါးရေးအတွက် ဘားအံ-ကော့ထော်ရွာသစ် ရေဘေးကာကွယ်ရေးတမံတည်ဆောက်ရေး၊ သံလွင်မြစ်အတွင်းသောင်တူးဖော်ခြင်းလုပ်ငန်းနှင့်ကော့လှိုက်ကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၈-၂၀၂၅

ပေါင်	၃ ဒသမ	၁၅	လက်မ
ဘီးလင်း	၂ ဒသမ	၀၈	လက်မ
မိုးကောင်း	၂ ဒသမ	၄၈	လက်မ
ပူတာအို	၂ ဒသမ	၃၆	လက်မ
သထုံ	၂ ဒသမ	၃၂	လက်မ
ခရမ်း	၂ ဒသမ	၂၉	လက်မ
ဘားအံ	၂ ဒသမ	၂၉	လက်မ
မြဝတီ	၂ ဒသမ	၂၄	လက်မ
ဘားအံ	၂ ဒသမ	၁၇	လက်မ

(စိုက်ပျိုးရေးမိုးလေဝသ)

ပင်လောင်း	၁ ဒသမ	၇၇	လက်မ
ရွှေကျင်	၁ ဒသမ	၅၀	လက်မ

AML/CFT ဆိုင်ရာ အသိပညာမြှင့်တင်ရေးဟောပြောပွဲနှင့် အိမ်ခြံမြေပညာပေးသင်တန်းအမှတ်စဉ် (၃၉/၂၀၂၅) ဖွင့်လှစ်သင်ကြားပို့ချ

နေပြည်တော် ဩဂုတ် ၂

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း (နေပြည်တော်)တို့ ပူးပေါင်း၍ AML/CFT ဆိုင်ရာ အသိပညာမြှင့်တင်ရေးဟောပြောပွဲနှင့် အိမ်ခြံမြေပညာပေးသင်တန်းအမှတ်စဉ် (၃၉/၂၀၂၅) ကို ယနေ့နံနက် ၈ နာရီခွဲတွင် တုံဂပူရိဟိုတယ်ခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်း ပထမနေ့တွင် AML/CFT ဆိုင်ရာ အသိပညာမြှင့်တင်ရေး၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေများ၊ မြို့ပြ၊ မြေယာ သိကောင်းစရာများ၊ UAB Bank မှ အိမ်ရာချေးငွေ (Home Loans) အကြောင်းနှင့် ဘိုးဘဝိုင်မြေ၊ ပါမစ်မြေ၊ ဂရန်မြေနှင့် စာချုပ်စာတမ်းအကြောင်း သိကောင်းစရာများ သင်ကြားပို့ချသွားမည်ဖြစ်သည်။ ဒုတိယနေ့တွင် Digital Marketing အကြောင်း၊ ရွာမြေနှင့်လယ်ယာမြေဥပဒေ လုပ်ထုံးလုပ်နည်းများအကြောင်း၊ အိမ်ခြံမြေအခွန်များအကြောင်း၊ အိမ်ခြံမြေအောင်မြင်မှု၊ Marketing 6.0 နှင့် စကားစွမ်းရည်ဟောပြောခြင်းများ၊ ပြည်တွင်း/ပြည်ပအိမ်ခြံမြေဗဟုသုတများ နှိုင်းယှဉ်မှုဝေခြင်းများကိုသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ သင်တန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း (နေပြည်တော်)တို့ပူးပေါင်း၍ နှစ်ရက်ကြာ သင်တန်းသား၊ သင်တန်းသူ ၁၀၀၀ ခန့်အား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မျိုး (မြဝတီ)

သီးနှံများပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် ငလျင်ဘေးထိခိုက်ပျက်စီးခဲ့သော လမ်းများပြန်လည်ပြုပြင်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဥတ္တရသီရိမြို့နယ် မန္တလေးလမ်းနှင့်သံတောင်လမ်းတို့သို့ သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းပိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ကြံဘိုကျေးရွာကွင်းအမှတ်(၁၃၁၇)ရှိ ဦးကျော်ဆွေ၏ နေကြာစိုက်ခင်းနှင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှုအား သွားရောက်ကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ ကွင်းအမှတ်(၁၄၇၄)ရှိ တောင်သူဦးသန်းထိုက်၏မိုးစပါးစိုက်ခင်းတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာပေါင်းစပ်ထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲတက်ရောက်ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မျိုး၊ မြေ၊ ရေ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျ စိုက်ပျိုးဆောင်ရွက်ရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေဩဇာအား တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ ကြဲပက်စနစ်ပပျောက်အောင် မျိုးစေ့ချက်ဓိရိယာများ၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အသုံးပြုဆောင်ရွက်ရေးနှင့် ဓာတ်မြေဩဇာများကို နိုင်ငံတော်မှ သက်သာသောစျေးနှုန်းဖြင့် ဖြန့်ဝေပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယူရီးယားဓာတ်မြေဩဇာကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက အောင်နိုင်တိုးမျိုးစပါးများ၊ နေကြာနှင့် ပဲတီစိမ်းမျိုးများ၊ သွင်းအားစုများကိုလည်းကောင်း တောင်သူများထံ ပေးအပ်ကြပြီး မိုးစပါးစိုက်ခင်းအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာပေါင်းစပ်ထည့်သွင်းခြင်းဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

(၇၇)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ၌ "မျိုးစေ့ဥပဒေဆိုင်ရာ သိကောင်းစရာများ"ခေါင်းစဉ်ဖြင့်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးလုပ်ကိုင်သူများအားလုံးထဲထဲဝင်ဝင် သိရှိလိုက်နာရေးနှင့် ဥပဒေ၏ အကာအကွယ်ကိုခံယူနိုင်ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းလမ်းစုံဖြင့်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲတွင် သက်ဆိုင်ရာပညာရှင်များက "မျိုးစေ့ဥပဒေဆိုင်ရာ သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင်ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးတွင် တောင်သူများသုံးစွဲသည့်မျိုးကို ကိုယ်တိုင်မျိုးစေ့ထုတ်နိုင်ရေးသည် အထူးအရေးကြီးကြောင်း၊ ပညာရှင်များအနေဖြင့် သိအိုရီကို အခြေခံသည့် မျိုးစေ့ထုတ်နည်းစနစ်များကို လက်တွေ့အသုံးချမှုနယ်ပယ်နှင့်ကိုက်ညီသည့်ပုံစံဖြစ်အောင် ဆန်းသစ်တီထွင်၍ တောင်သူများ၏ အကျိုးစီးပွားအလို့ငှာ တောင်သူကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေး ကူညီပေးစေလိုကြောင်း၊ မျိုးစေ့ထုတ်လုပ်ရာတွင်လည်း သတ်မှတ်ထားသည့်ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း၊ အထူးအလေးထား ဆောင်ရွက်ရန်မှာကြားလိုသည်မှာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သီးနှံမျိုးသစ်တစ်မျိုးကို မျိုးစေ့ကော်မတီမှအတည်ပြုပြီး



စတင်ဖြန့်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်သည့်အချိန်မှစ၍ အဆိုပါမျိုးနှင့်ပတ်သက်သည့်အရည်အချင်းလက္ခဏာများ၊ ထူးခြားချက်များကို စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများအား ဆရာဖြစ်သင်တန်း(TOT) သင်တန်းပေးရမည်ဖြစ်ကာ ဆင့်ပွားသင်တန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်မှစ၍ မျိုးစေ့ခြံတိုင်းမှထုတ်သည့်မျိုးတိုင်းသည် မျိုးစေ့ဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း အွန်လိုင်းမှဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ဌာနခွဲမှ ပညာရှင်တစ်ဦးက မျိုးစေ့ဥပဒေဆိုင်ရာသိကောင်းစရာများကိုဆွေးနွေးတင်ပြပြီး တောင်သူများ၏ မေးမြန်းချက်များကို အသေးစိတ်ဖြေကြားဆွေးနွေးသည်။

(၇၇) ကြိမ်မြောက်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်နှင့် သုတေသီများ၊ နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိမြို့နယ်တို့မှ တောင်သူ ၂၆ ဦး၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၅၁ ဦး တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပညာရှင်နှင့် တောင်သူ ၁၅၆ ဦးတို့က Zoom Point ၁၀၀မှ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၈-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၈၈၀	၂၉၉၅	၂၉၆၀	၂၈၉၅	၃၀၀၀	၃၀၁၅	၃၀၃၅	၂၉၅၀	၄၅၅၅	၃၂၄၀	၂၉၇၀	၂၉၇၀	၃၀၄၀	၃၀၀၅	၃၀၂၅	၃၂၈၅
95 Ron	၂၉၃၅	၃၀၅၀	၃၀၁၅	၂၉၅၀	၃၀၅၅	၃၀၇၀	၃၀၉၀	၃၀၁၀	၄၅၆၀	၃၃၀၀	၃၀၂၅	၃၀၂၅	၃၀၉၅	၃၀၆၀	၃၀၈၅	၃၃၄၀
HSD (500 ppm)	၂၇၁၅	၂၈၂၅	၂၇၉၅	၂၇၂၅	၂၈၃၅	၂၈၅၀	၂၈၆၅	၂၇၈၅	-	၃၀၇၅	၂၈၀၀	၂၈၀၅	၂၈၃၀	၂၈၃၅	၂၈၆၀	၃၁၁၅
HSD (50 ppm)	၃၃၆၀	၃၄၇၅	၃၄၄၀	၃၃၇၅	၃၄၈၀	၃၄၉၅	၃၅၁၀	၃၄၃၀	၄၈၃၀	၃၇၂၅	၃၄၅၀	၃၄၅၀	၃၅၂၀	၃၄၈၅	၃၅၀၅	၃၇၆၅
HSD (10 ppm)	၃၃၆၀	၃၄၇၅	၃၄၄၀	၃၃၇၅	၃၄၈၀	၃၄၉၅	၃၅၁၀	၃၄၃၀	-	၃၇၂၅	၃၄၅၀	၃၄၅၀	၃၅၂၀	၃၄၈၅	၃၅၀၅	၃၇၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၁၅	၂၈၀၃
95 Ron	၂၇၆၉	၂၈၅၈
HSD (500 ppm)	၂၆၅၂	၂၆၃၃
HSD (50 ppm)	၃၁၇၉	၃၂၇၂
HSD (10 ppm)	၃၁၇၉	၃၂၇၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဖြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚c	/	၃၁˚c
ရန်ကုန်	၂၅˚c	/	၃၄˚c
မန္တလေး	၂၇˚c	/	၃၃˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အောင်ခိုင် အ.ထ.က(ခွဲ) ကျောင်းဝင်အမှတ် ၂၂၀၅ Grade-9 မှ မဖြေမြဖြိုးဏ၏ဖခင် အမည်မှန်မှာ ဦးကျော် ၈/တတကာ(နိုင်)၁၈၈၃၆၂ ဖြစ်ပါကြောင်း။

ဦးကျော်

ဖခင်အမည်မှန်

တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ မြတ်ပညာကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မခိုင်ဇင်မျိုး၏ဖခင် အမည်မှန်မှာ ဦးသန်းနိုင်ဝင်း ၁၄/ဇလန(နိုင်)၁၂၅၅၈ ဖြစ်ပါကြောင်း။

ဦးသန်းနိုင်ဝင်း

ပျောက်ဆုံးကြောင်း

ဇင်ဇင်မွန်(ဘ)ဦးသန့်ဇင် ၁၂/ဆကခ(နိုင်) ၀၁၈၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၅၅၃၇၂၇

ပျောက်ဆုံးကြောင်း

လွင်လွင်စိုး(ဘ)ဦးမောင်သန်း ၈/နမန(နိုင်) ၂၀၃၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၀၈၃၈၂၁၂၂

ပျောက်ဆုံးကြောင်း

တင်တင်ဝေ(ဘ)ဦးဖရန်စစ် ၁၂/မဂဒ(နိုင်) ၀၉၁၀၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၂၈၇၈၀၁

ပျောက်ဆုံးကြောင်း

စန္ဒာလွင်(ဘ)ဦးသိန်းလွင် ၁၂/ဗတထ(နိုင်) ၀၂၂၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၉၁၀၉၆၀

ပျောက်ဆုံးကြောင်း

အောင်ကျော်မိုး(ဘ)ဦးစိုးမြင့်၉/တသန(နိုင်) ၁၁၉၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၇၇၇၀၈

ပျောက်ဆုံးကြောင်း

ထက်နင်းဦး(ဘ)ဦးတင်စိန် ၁၀/သဖရ(နိုင်) ၁၆၀၂၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၈၀၁၉၆၉

ပျောက်ဆုံးကြောင်း

ခင်လေးသူ(ဘ)ဦးသိန်းအောင် ၁၀/မလမ (နိုင်)၀၁၈၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

သုံးဘီးမော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားခြင်း

သုံးဘီးမော်တော်ဆိုင်ကယ်အမှတ်၊ 19U/9544 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းအောင် ၁၂/စခန(နိုင်)၀၇၃၄၈၅ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံးမိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး(သထုံ)

မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က(၂)အေးသာယာ Grade-8 မှ မောင်လမင်းကိုကို၏မိဘအမည်မှန်မှာ ဦးအလီဘိုင်၉/မထလ(နိုင်)၁၉၀၉၈၂နှင့် ဒေါ်စန်းစန်းအေး ၁၃/တကန(နိုင်)၁၉၃၃၆၁ ဖြစ်ပါကြောင်း။

ဦးအလီဘိုင်-ဒေါ်စန်းစန်းအေး

မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က(၂)အေးသာယာ Grade-7 မှ မလမင်းသော်တာ၏မိဘအမည်မှန်မှာ ဦးအလီဘိုင်၉/မထလ(နိုင်)၁၉၀၉၈၂နှင့် ဒေါ်စန်းစန်းအေး ၁၃/တကန(နိုင်)၁၉၃၃၆၁ ဖြစ်ပါကြောင်း။

ဦးအလီဘိုင်-ဒေါ်စန်းစန်းအေး

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အထက ငပုတော၊ Grade-12(C) မှ နော်နိုကိုဇင်၏ ဖခင်အမည်မှန်မှာ စောယိုသ ၁၄/ငပတ(နိုင်)၁၃၄၃၃၆ ဖြစ်ပါကြောင်း။

စောယိုသ

ပျောက်ဆုံးကြောင်း

ဇော်သူအောင်(ဘ)ဦးသိန်းဆွေ ၁၄/မမန(နိုင်) ၁၇၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

ရုန်းလွန်းကျိန်(ဘ)ဦးခုပ်ဖေပေါင် ၄/တတန (နိုင်)၀၇၇၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၄၈၉၃၁၈၀

ပျောက်ဆုံးကြောင်း

နီနီလွင်(ဘ)ဦးသိန်းလွင် ၉/ကပတ(နိုင်) ၂၈၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၃၀၁၇၉၀

ပျောက်ဆုံးကြောင်း

ညီညီခင်(ဘ)ဦးကျော်ခင် ၁၂/ကတတ(နိုင်) ၀၀၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၆၀၄၉၆

ပျောက်ဆုံးကြောင်း

ပြည့်စုံဖြိုး(ဘ)ဦးဝင်းနိုင် ၁၀/မလမ(နိုင်) ၂၆၃၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၉၁၀၅၈၃၁

ပျောက်ဆုံးကြောင်း

နန်းသူဌေး(ဘ)ဦးရွှေထီးလုံ ၁၀/ကမရ(နိုင်) ၁၃၁၀၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၅၅၂၆၅၁

ပျောက်ဆုံးကြောင်း

သက်ပိုင်ဦး(ဘ)ဦးဝင်းလှိုင် ၁၀/ရမန(နိုင်) ၂၀၆၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/9479 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ က.ည.န၊ ခရိုင်ရုံး(သထုံ)

ပျောက်ဆုံးကြောင်း

ကျော်ဝင်းမိုး(ဘ)ဦးရွှေကြီး ၁၂/အစန(နိုင်) ၂၀၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၆၇၇၆၅၅၂

ပျောက်ဆုံးကြောင်း

စန္ဒာမိုး(ဘ)ဦးလှရွှေ ၁၂/တကန(နိုင်) ၁၄၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၂၃၇၈၇၅

ပျောက်ဆုံးကြောင်း

ဇင်ဇွန်ယဝေ(ဘ)ဦးဝင်းမြင့် ၁၂/သဃက(နိုင်) ၁၆၆၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၄၄၄၄၇၄၈

ပျောက်ဆုံးကြောင်း

ဧွေးဧွေးရီ(ဘ)ဦးမောင်သန်း ၈/နမန(နိုင်) ၁၈၆၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၀၈၃၈၂၁၂၂

ပျောက်ဆုံးကြောင်း

ဇော်လင်းထွန်း(ဘ)ဦးဆန်းဝင်း ၁၂/သလန (နိုင်)၁၃၉၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၂၀၉၀၇၀

ပျောက်ဆုံးကြောင်း

ဝင်းသန်း(ဘ)ဦးတင်စိန် ၁၂/ဗတထ(နိုင်) ၀၂၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၅၀၆၅၅၆၇

ပျောက်ဆုံးကြောင်း

အောင်သက်လှိုင်(ဘ)ဦးဘိုအောင် ၁/မကတ (နိုင်)၀၈၆၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 112324)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၀၀၅၂၈၂

ပျောက်ဆုံးကြောင်း

ခင်မာသင်း(ဘ)ဦးထွဏ်းရည် ၁၂/မရက (နိုင်)၀၂၈၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၆၉၈၈၅၆၂

ပျောက်ဆုံးကြောင်း

မိုးသီတာ(ဘ)ဦးတင်ရွှေ ၅/ဝသန(နိုင်) ၀၃၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၃၃၃၆၈

ပျောက်ဆုံးကြောင်း

နိန်ခန့်တွေ(ဘ)ဆွန့်ခိုခိုင် ၄/ဖလန(နိုင်) ၀၄၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၉၉၁၁၃၃၃

ပျောက်ဆုံးကြောင်း

ဆွေးမြေ့(ဘ)ဦးတင်ရွှေ ၁၀/သထန(နိုင်) ၀၉၈၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၀၉၉၀၀၉၆၀

ပျောက်ဆုံးကြောင်း

သန်းမြင့်(ဘ)ဦးတင်ရွှေ ၁၀/သထန(နိုင်) ၀၉၉၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၀၉၉၀၀၉၆၀

ပျောက်ဆုံးကြောင်း

သစ္စေသက(ဘ)ဖိုးနန်ကြီး ၁၂/ကခက(နိုင်) ၀၀၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၀၃၃၆၉

ပျောက်ဆုံးကြောင်း

သက်ပိုင်ထွန်း(ဘ)ဦးကိုငယ် ၁၀/ခဆန(နိုင်) ၁၆၀၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၇၈၆၄၇၀

ပျောက်ဆုံးကြောင်း

လှိုင်ဝင်းကျော်(ဘ)ဦးပုလဲဆာမိ ၁၂/ပဘတ (နိုင်)၀၁၂၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၀၅၀၀၅၆၁

ပျောက်ဆုံးကြောင်း

စိုးနိုင်(ဘ)ဦးမြမောင် ၁၂/အစန(နိုင်)၀၈၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၇၇၃၄၄၄

ပျောက်ဆုံးကြောင်း

ယဉ်သိန်း(ဘ)ဦးမောင်ဝင်း ၁၀/သဖရ(နိုင်) ၀၄၉၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၁၀၈၀၂၆၂၆

ပျောက်ဆုံးကြောင်း

စိုးမင်းဦး(ဘ)ဦးစိုးသန်း ၁၀/မလမ(နိုင်) ၁၄၉၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၃၆၅၈၀၀

ပျောက်ဆုံးကြောင်း

သက်ပိုင်ဦး(ဘ)ဦးဝင်းလှိုင် ၁၀/ရမန(နိုင်) ၂၀၆၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

ပျောက်ဆုံးကြောင်း

ခင်လေးသူ(ဘ)ဦးသိန်းအောင် ၁၀/မလမ (နိုင်)၀၁၈၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

ပျောက်ဆုံးကြောင်း

ကျော်မင်းထွန်း(ဘ)ဦးအောင်လွန်းတင် ၁၀/လမန(နိုင်)၀၀၅၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၉၁၉၈၇၂

ပျောက်ဆုံးကြောင်း

ကျောက်ဆင်းထိပ်ရွာ ၁၀/ကသန(နိုင်) ၀၉၂၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၉၃၆၂၃၄၄

အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။

STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅

STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

သာဂအစစ်ဆို အရောဘဲထူး ဒိတ်ရှင်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန်ဖြူးလျက်ရှိပါသည်။

Tea Mix

Black Tea

ရွှေဖီဦး

Lemon Tea

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မန္တလေးသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ၊
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201

➢ ဒဂုံမန်းသူ
09-254781060

➢ မန္တလေးထားခြေနှံက်
09-426500153

➢ စတော်ဝင်
09-423333250

➢ ပါရမီတက္ကစီ
01-3643641

➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ ဈေးနှုန်းပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘီလပ်မြေ



ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၉၉၉၃၅၅၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် (၆)ပေါက်တန်း ခြင်းလုံးအမှတ်ပေး ဝိုင်းဖွဲ့ခတ်ပြိုင်ပွဲ ဗိုလ်တထောင်ခရိုင်အသင်း တံခွန်စိုက်ဆုဆွတ်ခူး

ရန်ကုန် ဩဂုတ် ၂

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် (၆)ပေါက်တန်း ခြင်းလုံးအမှတ်ပေးဝိုင်းဖွဲ့ခတ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့ညနေဝိုင်းတွင် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားခန်းမ၌ကျင်းပရာ ဗိုလ်တထောင်ခရိုင်အသင်း တံခွန်စိုက်ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ရေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အခမ်းအနားတက်ရောက်သူများသည် နောက်ဆုံးဗိုလ်လုပွဲစဉ်များဖြစ်သည့် ဒဂုံမြို့သစ်ခရိုင်၊ မရမ်းကုန်းခရိုင်၊ အင်းစိန်ခရိုင်နှင့် ဗိုလ်တထောင်ခရိုင်တို့၏ ယှဉ်ပြိုင်ခတ်ကစားနေမှုများအား ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တက်သစ်စအမျိုးသမီးဆု၊ တက်သစ်စအမျိုးသားဆု၊ အကောင်းဆုံးအားကစားသမားဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ဒဂုံမြို့သစ်ခရိုင်အသင်း၊ ရမှတ် ၁၁၂၂ မှတ်ဖြင့် တတိယဆုရရှိသည့် မရမ်းကုန်းခရိုင်အသင်း၊ ရမှတ် ၁၁၆၆ မှတ်ဖြင့် ဒုတိယဆုရရှိသည့် အင်းစိန်ခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုနှင့်ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ရမှတ် ၁၂၀၅ မှတ်ဖြင့် ပထမရရှိသည့် ဗိုလ်တထောင်ခရိုင်အသင်းအား တံခွန်စိုက်ဆုပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် (၆) ပေါက်တန်း ခြင်းလုံးအမှတ်ပေးဝိုင်းဖွဲ့ခတ်ပြိုင်ပွဲကို ဇူလိုင်လ ၃၀ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ကစားသမားအမျိုးသား၊ အမျိုးသမီး၊ နည်းပြစုစုပေါင်း ၁၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၇၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၇၁၁၇၇၉၂၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ် ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **ဩဂုတ်လ ၂ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်မီးသွေး (၂၈ ဒသမ ၈၀၀)တန်၊ အခြားသစ် (၁ ဒသမ ၅၂၃)တန်၊ လိုင်စင်မဲ့မော်တော်ယာဉ်(၁၀)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၄၃)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်နှင့် ၂ ရက် တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၄၂)** ၅၂၂)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၁၉၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၁ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၀)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၄၃)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်နှင့် ၂ ရက် တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၇၄၄၉၁၁၆)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

၂-၈-၂၀၂၅ ရက်နေ့ ဈေးကွက်ငွေရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီဒရွေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်**ဖြစ်သည်။

ဈေးသတ်မှတ်(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂

မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ညောင်ဦးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြကျောင်းဆရာမတစ်ဦးသေဆုံး

နေပြည်တော် ဩဂုတ် ၂

PDF အမည်ခံအစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား စာပေသင်ကြားပြသပေးလျက်ရှိသည့်ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဩဂုတ်လ ၁ ရက်နေ့ နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ဆည်ရွာကျေးရွာ၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဇူလိုင်လ ၃၁ ရက်နေ့ ည ၁၂ နာရီခွဲတွင် အဆိုပါကျေးရွာနေဆည်ရွာကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲမှ မူလတန်းပြကျောင်းဆရာမဖြစ်သူ ဒေါ်ဝါဝါမိုး(၄၀)နှစ်သည် နေအိမ်၌ ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဒေါ်ဝါဝါမိုးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြကျောင်းဆရာမတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ရပ်အားဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးလိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

တိုက်စစ်မှူးအီဆက်အတွက် လီဗာပူးအသင်း၏ တရားဝင်ကမ်းလှမ်းမှုကို နယူးကာဆယ်အသင်းပယ်ချ



လန်ဒန် ဩဂုတ် ၂

နယူးကာဆယ်အသင်းသည် အသင်း၏တိုက်စစ်မှူး အီဆက်အတွက် လီဗာပူးအသင်း၏ တရားဝင်ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် တိုက်စစ်မှူး အီဆက်သည် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက အသင်းအတွက် ၃၄ ပွဲ ကစားခဲ့ပြီး သွင်းဂိုး ၂၃ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်နိုင်ခဲ့ကာ အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ပြီး နယူးကာဆယ်အသင်း အနေဖြင့်လည်း ပရီးမီးယားလိဂ်အမှတ်ပေးဇယား အဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းက ၎င်း၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၅၀ သတ်မှတ်ထားပြီး လီဗာပူးအသင်း၏ကမ်းလှမ်းမှု ပမာဏမှာ နည်းပါးသည့်အတွက် ယခုကဲ့သို့ ပယ်ချခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် တိုက်စစ်မှူး အီဆက်၏ အပြောင်းအရွှေ့အတွက် ပြီးခဲ့သည့်လမှ စတင်စီစဉ်ခြင်းဖြစ်ပြီး ယခုအခါ ပထမဆုံးအကြိမ် ကမ်းလှမ်းခဲ့ခြင်းဖြစ်ကာ အင်္ဂလန်မီဒီယာများ၏ ဖော်ပြချက်အရ လီဗာပူးအသင်း၏ ကမ်းလှမ်းမှုပြောင်းရွှေ့ကြေးတွင် အပိုဆုကြေးအပါအဝင် စတာလင်ပေါင် သန်း ၁၂၀ သာရှိကြောင်း သိရသည်။

ထို့ပြင် တိုက်စစ်မှူးအီဆက်သည် လီဗာပူးအသင်းထံ ပြောင်းရွှေ့ခွင့်တောင်းဆိုထားပြီးနောက် နယူးကာဆယ်အသင်း၏ ရာသီကြိုအာရှခရီးစဉ်ကို လိုက်ပါသွားခြင်းမရှိသည့်အပြင် ၎င်း၏အသင်းဟောင်း စပိန်လာလီဂါကလပ် ဆိုစီဒက်စ်အသင်းထံ သွားရောက်ကာ လေ့ကျင့်ခန်းဆင်းခဲ့သဖြင့် နယူးကာဆယ်အသင်းနှင့် ၎င်း၏အနာဂတ်မှာ မရေမရာဖြစ်လာခဲ့ပြီး လီဗာပူးအသင်းအနေဖြင့်လည်း အီဆက်အတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၁၂၀ ထက် ပိုပေးနိုင်မည်မဟုတ်ကြောင်း သိရသည်။

Ref; Fabrizio Romano

အသင်း၏အဓိကကစားသမားသုံးဦး ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်ကြောင်း အာဆင်နယ်အသင်း နည်းပြအာတီတာပြောကြား

လန်ဒန် ဩဂုတ် ၂

အာဆင်နယ်အသင်းနည်းပြ အာတီတာက လာမည့်ဘောလုံးရာသီသစ်မတိုင်မီတွင် အသင်း၏ အဓိကကစားသမားများဖြစ်သော ဂါဘရီရယ်၊ တင်ဘာ၊ ကာလာဖီအိုရီတို့ ဒဏ်ရာမှပြန်လည် သက်သာလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဆင်နယ်အသင်း အဓိကကစားသမား ဂါဘရီရယ်သည် ယခုနှစ်အစပိုင်းက တံကောက်ကြော ဒဏ်ရာခွဲစိတ်ကုသမှုခံယူရပြီးနောက်ပိုင်း အနားယူနေခဲ့ရကြောင်း သိရသည်။

ထို့ပြင် ကစားသမား တင်ဘာကလည်း ပြီးခဲ့သည့် မေလက ခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူရပြီး ကာလာဖီအိုရီသည် စင်ကာပူနိုင်ငံ၌ နယူးကာဆယ်အသင်းကို အနိုင်ရခဲ့သည့်ခြေစမ်းပွဲတွင် ဒဏ်ရာကြောင့် လူစားလဲခဲ့ရသော်လည်း ယခုအခါ ၎င်း၏ဒဏ်ရာမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်ပြီး နည်းပြအာတီတာက ၎င်းတို့သုံးဦးကို သြဂုတ်လ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ယခုဘောလုံးရာသီအဖွင့်ပွဲစဉ်ဖြစ်သော မန်ယူအသင်းနှင့်ပွဲစဉ်တွင် ထည့်သွင်းကစားဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

Ref; Fotmob

ဒေါ့မွန်အသင်းက မန်ယူအသင်းကစားသမားဆန်ချိုကိုခေါ်ယူရန် တတိယအကြိမ်မြောက် ဆွေးနွေးနေကြောင်း အတည်ပြု

မြူးနစ် ဩဂုတ် ၂

ဒေါ့မွန်အသင်းအနေဖြင့် မန်ယူအသင်းကစားသမားဆန်ချိုကိုခေါ်ယူရန် တတိယအကြိမ်မြောက် ဆွေးနွေးနေကြောင်း အသင်း၏အားကစားဒါရိုက်တာ ဆီဘာစတီယန်ခါးလ်က ပြောကြားခဲ့သည်။

ဆန်ချိုသည်ပြီးခဲ့သည့်ဘောလုံးရာသီက ချယ်လ်ဆီးအသင်းထံ အငှားဖြင့် သွားရောက်ကစားခဲ့သော်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်ခြင်းမရှိသောကြောင့် ၎င်းအား အသင်းကြီးများက ခေါ်ယူလိုခြင်းမရှိဘဲ လက်ရှိအချိန်တွင်လည်း မန်ယူအသင်းမှ ထွက်ခွာလိုနေခြင်းဖြစ်သည်။

ထို့ကြောင့် ဒေါ့မွန်အသင်းအနေဖြင့် အသင်းတွင် နှစ်ကြိမ်တိုင် လာရောက်ကစားခဲ့ဖူးသည့် ဆန်ချိုကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကာ ဆန်ချိုအနေဖြင့်လည်း လုပ်ခလစာများစွာလျှော့ယူ၍ ဒေါ့မွန်အသင်းသို့ပြောင်းရွှေ့ရန်ဆန္ဒရှိနေကြောင်း သိရသည်။

ဆန်ချိုသည် မန်ယူအသင်းနှင့် ပရီးမီးယားလိဂ် ပွဲစဉ် ၅၈ ပွဲ ကစားထားပြီး ကိုးဂိုးသွင်းယူထားနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်ထားနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းတွင် အငှားဖြင့် သွားရောက်ကစားခဲ့စဉ်ကလည်း ပရီးမီးယားလိဂ်ပွဲစဉ် ၃၁ ပွဲကစားထားပြီး သုံးဂိုးသွင်းယူထားနိုင်ခဲ့ကာ ဂိုးဖန်တီးမှု လေးကြိမ် ပြုလုပ်ထားနိုင်ခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းက ဆန်ချိုကို ပြောင်းရွှေ့ကြေး ယူရိသန်း ၂၀ ခန့်ဖြင့် ရောင်းချရန် စီစဉ်နေပြီး ဒေါ့မွန်အသင်းအနေဖြင့်လည်း ၎င်းကိုခေါ်ယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref; Goal.com



မန်ယူအသင်းက ဂိုးသမား အိုနာနာ၏နေရာ၌အစားထိုးရန် ထိပ်တန်းအဆင့် ဂိုးသမားတစ်ဦးရှာဖွေလျက်ရှိ

မန်ချက်စတာ ဩဂုတ် ၂

မန်ယူအသင်းသည် အသင်း၏ဂိုးသမား အိုနာနာ၏ နေရာ၌အစားထိုးရန် ထိပ်တန်းအဆင့်ဂိုးသမား တစ်ဦးကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂိုးသမားအိုနာနာ၏ စွမ်းဆောင်ရည်အတွက် အသင်းပရိသတ်များ၏မေးခွန်းထုတ်ခံခဲ့ရပြီး အသင်း၏ စွမ်းဆောင်ရည်များလည်း ကျဆင်းလာခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီ အမှတ်ပေးဇယားရပ်တည်မှုတွင် အဆင့်(၁၅)နေရာ၌ ဆိုးရွားစွာရပ်တည်ခဲ့ရသည်။

ထို့ကြောင့် လာမည့်ဘောလုံးရာသီတွင် အသင်းအတွက် အပြောင်းအလဲပြုလုပ်ဖွယ်ရှိပြီး ဂိုးသမား အိုနာနာ၏နေရာ၌အစားထိုးရန် ထိပ်တန်းအဆင့် ဂိုးသမားတစ်ဦးကို ရှာဖွေနေခြင်းဖြစ်သည်။

အစောပိုင်းက မန်ယူအသင်းအနေဖြင့် အက်စ်တွန်ဗီလာအသင်းတွင် အကောင်းဆုံးစွမ်းဆောင်ထားနိုင်သည့် အာဂျင်တီးနားဂိုးသမား မာတီနက်ဇ်ကို အငှားခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း အဆင်မပြေခဲ့ဘဲ ယခုအခါ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း၏ အီတလီဂိုးသမား ဒွန်နာရမ်မာကိုခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ပီအက်စ်ဂျီအသင်း၏ အဓိကဂိုးသမား ဒွန်နာရမ်မာသည် လက်ရှိအချိန်တွင် အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ထားနိုင်ခဲ့ပြီး အသင်းနှင့်အတူ ပြည်တွင်းအမှတ်ပေးဖလား၊ ချန်ပီယံလိဂ်ဖလားတို့ကိုလည်း ရရှိခဲ့သည်။

သို့သော် ပီအက်စ်ဂျီအသင်းနှင့် ဒွန်နာရမ်မာတို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး ပီအက်စ်ဂျီအသင်းက ၎င်းကို စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း လုပ်ခလစာတိုးမြှင့်ပေးခြင်းမရှိဘဲ လက်ရှိစွမ်းဆောင်ရည်အရ အပိုဆုကြေးသာ ပေးချေလိုသောကြောင့် ဆွေးနွေးမှုအဆင်မပြေဖြစ်နေသည်။

လက်ရှိတွင် ဂိုးသမား ဒွန်နာရမ်မာကို မန်ယူအသင်းက ကမ်းလှမ်းရန်ပြင်ဆင်နေပြီး ပီအက်စ်ဂျီအသင်းကလည်း ၎င်းအား စာချုပ်သစ်အတွက် ဆွေးနွေးမှုမအောင်မြင်ပါက လာမည့်နွေရာသီကစား သမားအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားရန် ပြင်ဆင်ထားကြောင်း သိရသည်။

Ref; Fotmob

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်း(အမျိုးသား၊ အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲများဆက်လက်ကျင်းပ

နေပြည်တော် ၊ ၃ ရက်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူးရှု၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်း(အမျိုးသား၊ အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ (အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်းအနိုင်ရရှိခဲ့သည်။

(အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းကတနင်္သာရီတိုင်းဒေသကြီးအသင်းကိုနှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၃ ရက် နံနက် ၉ နာရီမှစတင်၍ (အမျိုးသား၊ အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်ကွာတားဖိုင်နယ် ပြိုင်ပွဲ ပွဲစဉ်အဖြစ် (အမျိုးသား)၊(အမျိုးသမီး) ပြိုင်ပွဲများအပြီးတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများကို ဩဂုတ်လ ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မြဝတီ**

ကျောက်ဆည်မြို့နယ်၌ သစ်တောသစ်ပင်များ၏အကျိုးကျေးဇူးများနှင့် အနှစ်သာရများသိရှိစေရန် အသိပညာပေးဟောပြော

ကျောက်ဆည် ၊ ၃ ရက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနမှ သစ်တော၊ သစ်ပင်များ၏အကျိုးကျေးဇူးများနှင့် အနှစ်သာရများကို ဒေသခံပြည်သူများ သိရှိနားလည်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ပိုမိုပြုလုပ်လာစေရန် ရည်ရွယ်၍ ကျေးရွာများသို့ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုအသိပညာပေးဟောပြောပွဲများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ၃ ရက်က အရှေ့ရွာနန်းကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဘိုက စွမ်းအားမြင့်မီးဖိုသည် ဖိုခုံလောက်ဆိုင်မီးဖိုထက် ထင်းသုံးစွဲမှုနှုန်းသက်သာပြီး ကျေးလက်နေအိမ်ထောင်စုတစ်စုမှ ထင်းအစား တခြားလောင်စာဖြစ်သည့် စိုက်ပျိုးရေးထွက်ပစ္စည်းများသုံးစွဲပါက တစ်နှစ်ပတ်လုံးသုံးစွဲမည့် ထင်းတန်လျော့နည်းသက်သာခြင်း၊ မြို့နေအိမ်ထောင်စုတစ်စုမှ ထင်းအစား လောင်စာတောင့် ၁၇၅၀ တုံးသုံးစွဲခြင်းဖြင့် တစ်နှစ်ပတ်လုံးသုံးစွဲမည့် ထင်းတစ်တန်လျော့နည်းသက်သာစေပြီး သစ်တောသစ်ပင်ပြုန်းတီးမှုမှ ကာကွယ်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ကျောက်ဆည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစိမ်းလန်းစိုပြည်ရေးနှင့် ရေမြေသဘာဝကောင်းမွန်ရေး အထောက်အကူဖြစ်စေရန် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ထင်းအစား တခြားလောင်စာသုံးစွဲရေးနှင့် လူထုပညာပေးဟောပြောပွဲများကို တစ်လလျှင် သုံးကြိမ်နှုန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

ရေကြီးမှုအခြေအနေ

နေပြည်တော် ၊ ၃ ရက်

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈လ)**

ပန်းတနော်မြို့နယ်၌ တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ

ပန်းတနော် ၊ ၃ ရက်

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချို၏ပြောကြားချက်အရ သိရသည်။

ပန်းတနော်မြို့နယ်၌ ယခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ဒေသထွက် တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသ၌ တစ်ရက်လျှင် တီလားဗီးယားငါး ပိဿာ ၄၀၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိတီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသဈေးကွက်က ဝယ်လက်တွေ အဝယ်များနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ တခြားဒေသတွေကို ပိသာများများတင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိအရောင်းအဝယ်ကောင်းနေတာကြောင့် ရေလုပ်ငန်း၊ ငါးလုပ်ငန်းလုပ်ကိုင်သူတွေအားလုံး အဆင်ပြေနေပါတယ်" ဟု ဒေါ်ချိုချိုကပြောသည်။

ပန်းတနော်မြို့နယ်ဒေသထွက် တီလားဗီးယားငါးများအပါအဝင် တခြားကုန်စိမ်းများကို ပန်းတနော်ဈေးကွက်အပြင် မအူပင်၊ ပုသိမ် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဒေသထွက် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာသဖြင့် ဒေသဈေးကွက်အတွင်း ရေထွက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေမည်ဖြစ်ပြီး ဒေသခံမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ရန်ကုန် ၊ ၃ ရက်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေအမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ၃ ရက်က ဆင်မင်းအိုင်ကျေးရွာ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူက ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားနိုင်က သင်တန်းသူများအနေဖြင့် သင်ကြားပေးမည့် အခြေခံစက်ချုပ်နည်းပညာရပ်များကို ကြိုးစားသင်ယူကြရန်နှင့် ရှေ့ဆက်လက်ဖွင့်လှစ်မည့်သင်တန်းများနှင့် ပတ်သက်၍ဆွေးနွေးကာ သင်တန်းနည်းပြဆရာမများက သင်ကြားပို့ချပေးမည့်သင်ခန်းစာများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပံ့ပိုးပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းသို့ ခရမ်းမြို့နယ်အတွင်းရှိ ဆင်မင်းအိုင်ကျေးရွာ၊ ဇီးဖြူပင်ကျေးရွာနှင့် ရေကျော်ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၆ ဦးတက်ရောက်ကြကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

❖ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်-ရန်ကုန် လူစီးအမြန်ရထားဖြင့် ပြည်သူများနှင့်အတူ လိုက်ပါစီးနင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ကေတုမတီမြို့ဟောင်း ဖော်ထုတ်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုအခြေအနေများကြည့်ရှုစစ်ဆေး

နေပြည်တော် ၂ရက်

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရွှေဟောင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း နေပြည်တော်မှ တောင်ငူမြို့သို့ ထွက်ခွာခဲ့ကြပြီး လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လူနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း၊ ရွှေဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းလျက်ရှိမှု

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ရောက်ရှိကြပြီး စာမျက်နှာ ၅ ကော်လံ ၁ ၁



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားပေါ်၌ ခရီးစဉ်တွင် အတူစီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ဆောင်းပါး
နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့ စာ - ၁၂ သို့
နောင်ချို့မြို့၌ ပြည်သူ့ဆေးရုံပြန်လည် ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက် စာ - ၁၅ သို့
၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား၊ အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ စာ - ၃၁ သို့

